မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ သြဂုတ် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၁၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်က ဒိုက်ဦး-စစ်တောင်း ကားလမ်းနှင့်အပြိုင် ရထားလမ်းဖောက်လုပ်လျက်ရှိ မော်လမြိုင်-ရေး-ထားဝယ်သွားပါက မိုင် ၄၀ ခန့်လျော့နည်း၍ အချိန်တိုအတွင်း သွားလာနိုင်မည် ဒိုက်ဦးမြို့နယ်၌ အဓိကသီးနှံ ၁၀ မျိုး၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုအောင်မြင် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာနှင့် ပြည်သူများ ပူးပေါင်းလက်တွဲကြိုးပမ်းဆောင်ရွက်

နေပြည်တော် သြဂုတ် ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် သြဂုတ် ၁၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း အစပ် ဝင်းဘောတပ်တံတားသို့ ရောက်ရှိကြရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပဲခူးမြို့နယ် အင်းတကော်ရှိ မြန်မာ့ နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့် မျိုးပွားခြံတွင် ရော်ဘာ ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အင်တာနက် အထူးသတင်းနှင့် အားကစား အညွှန်း

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် လာမည့် နှစ်ပေါင်း ၂၀၀ ကျော်တွင် တောမီးလောင်ခြင်း၊ မိုးခေါင်ခြင်းနှင့် ရေလွှမ်းခြင်းများ ပိုမိုကြုံတွေ့ရဖွယ်ရှိ။

အင်တာနက်အထူးသတင်းနှင့်ဓာတ်ပုံ (စာ-၆)



ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရား တိုရွန်တိုမာစတာဗလား ဒုတိယအကြိမ် ဆွတ်ခူး

ကမ္ဘာတစ်လွှား အားကစား (စာ-၁၂)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ အာဘော် (၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

လယ်ယာသုံးစက်ကိရိယာပစ္စည်းများ တီထွင်ကြံဆထုတ်လုပ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံနိုင်ငံ ဖြစ်သည်နှင့်အညီ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးအခြေခံနိုင်ငံမှ စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်နေသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလျက်ရှိရာတွင် လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများကို ပိုမိုသုံးစွဲနိုင်ရေးအတွက် တီထွင်ကြံဆ ကြိုးပမ်းထုတ်လုပ်လျက်ရှိသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲတိုးတက်ရေးအတွက် ခေတ်မီဈေးသက်သာသော လယ်ယာသုံးစက်ပစ္စည်းများကို အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းမှ အဆက်မပြတ် တီထွင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်လျက်ရှိသော လယ်ယာသုံး စက်ပစ္စည်းအမျိုးအစားများမှာ လယ်ထွန်စက်များ၊ ထွန်စက်အင်ဂျင်များ၊ တစ်တန်နောက်တွဲယာဉ်၊ နှစ်တန်နောက်တွဲယာဉ်၊ လေးတန်နောက်တွဲယာဉ်၊ ထရော်မောဂျီ၊ ထရော်လာဂျီ၊ Mini Tractor၊ (၁၆)သွားထွန်၊ သုံးသွားထယ်၊ ရော(၁) (နှစ်သွားထယ်/သုံးသွားထယ်)၊ ရိတ်သိမ်းခြွေလှေ့စက်၊ လေးလက်မ ရေစုပ်စက်(ပိုက်မပါ)၊ လေးလက်မအမြင့်တင်ပန့်၊ ၁၂လက်မပန့်၊ အင်ဂျင်စက်များ၊ ဓာတ်အားပေးစက်များ၊ ရိုးရိုးမီးစက်၊ အသံလုံမီးစက်၊ ပေါက်ပြား၊ ဂေါ်ပြား၊ ပေါက်ချွန်း၊ ပုဆိန်၊ ပဲ့ထောင်စက်(အင်ဂျင်ပါ၊ အင်ဂျင်မပါ) မော်တော် အင်ဂျင်၊ ဘက်ထရီအားသုံး ကောက်ရိတ်စက်စသော ပစ္စည်းများဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာ–၁၆ လက်တွန်း ထွန်စက်များ၊ ကောက်ရိတ်စက်များနှင့် ခြွေလှေ့စက်များကိုလည်းကောင်း၊ စက်မှုဇုန်များကလည်း လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများကိုလည်းကောင်း တီထွင်ကြံဆ ထုတ်လုပ်ပေးလျက်ရှိသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး လယ်ယာသုံး စက်ကိရိယာများကို တက်ညီလက်ညီ တီထွင်ကြံဆ ကြိုးပမ်းထုတ်လုပ်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် စံပြကျောင်းများ ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း စံပြထူးချွန်ဆုရကျောင်းအား ဆုချီးမြှင့်ပေးအပ်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် စံပြကျောင်းများ ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အမှာစကားပြောကြားပြီး(အပေါ်ပုံ) **စံပြထူးချွန်ဆုရကျောင်းအား ဆုချီးမြှင့်သည်။**

စံပြထူးချွန်ဆုပေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက အမှာစကား ပြောကြားပြီး စံပြထူးချွန်ဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား စံပြထူးချွန် ဆုကို ပေးအပ်ချီးမြှင့်ရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်ကလက်ခံသည်။

ဆုချီးမြှင့်

ဆက်လက်၍ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အထက်တန်းအဆင့် စံပြဆုရကျောင်းများအားလည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက အလယ်တန်းအဆင့် စံပြဆုရ ကျောင်းများအားလည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က မူလတန်းအဆင့် စံပြဆုရကျောင်းများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမ ကြီးများက လက်ခံကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ခရိုင်ပညာရေးမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ရှင်းလင်းပြောကြား

ထို့နောက် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းကျန်းမာရေး သီတင်းပတ် ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးဌာနမှူးက စံပြကျောင်းများ ရွေးချယ်ရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ကျောင်းတွင်းဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များ၊ ပန်းချီနှင့် ကွန်ပျူတာခန်း၊ ကျောင်းကျန်းမာရေး အသိပညာပေး စာအုပ်စာတမ်းများ၊ အစားအစာများနှင့် ကျောင်းသား ကျောင်းသူလေးများ၏ ကျန်းမာရေး အသိပညာနားလည်မှု စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ကြော်ငြာနိုင်မှုမှာအရေးကြီးဆုံးလုပ်ငန်းဖြစ် လုပ်ငန်းရှင်များ စုစုစည်းစည်း ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဩဂုတ် ၁၁ ရက်က မန္တလေးမြို့ရှိ Mandalay Hill Resort Hotel **အစည်းအဝေးခန်းမ၌ ကျင်းပသော** Myanmar Marketing Committee**၏ လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။**

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ခရီးစဉ်ဒေသတစ်ခုအဖြစ် ထင်ရှားကျော်ကြားလာရန် မြှင့်တင်ကြော်ငြာနိုင်မှုမှာ အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအများအပြားသည် မိမိတို့ထံ နိုင်ငံတကာမှ ခရီးသည်များလာရောက်လေ့လာနိုင်အောင် ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ကြော်ငြာမှုများကို နည်းပရိယာယ်မျိုးစုံဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံး လုပ်ငန်းဖြစ်သည့် မြှင့်တင်ကြော်ငြာမှုကို လုပ်ငန်းရှင်များအနေဖြင့် စုစုစည်းစည်းနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ယှက်နွယ်ဆက်စပ်လျက်ရှိ၍ ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက အခန်းကဏ္ဍများကို အပြည့်အဝအကူအညီပေးသွားမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးနေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Myanmar Marketing Committee ဥက္ကဋ္ဌ ဦးအောင်မြတ်ကျော်က Myanmar Marketing Committee ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အခြေအနေ

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့ ကဏ္ဍအလိုက် ဆောင်ရွက်နေသော လုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၆–၈–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း–၄၆)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရုပ်မြင်သံကြားဇာတ်လမ်း **"မြင့်မြတ်နှလုံးသား"** (ဇာတ်သိမ်း) လွင်မိုး၊ ထက်ထက်မိုးဦး၊ စိုးမြတ်သူဇာ။

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့အား ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (ဆက်သွယ်ရေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများကြည့်ရှုလေ့လာ

ရန်ကုန် ဩဂုတ် ၁၅

တပ်မတော်ဆေးတက္ကသိုလ် ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှ အုပ်ချုပ်သူအရာရှိများနှင့် ဘွဲ့လွန်သင်တန်းသားအရာရှိ ၁၅ဦးတို့ ဦးဆောင်သော နောက်ဆုံးနှစ်အပိုင်း(က) ဗိုလ်လောင်း ၈၅ဦးတို့သည် ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ရောက်ရှိကြရာ ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက အသင်းဖွဲ့စည်းပုံ အဆင့်ဆင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ်က ပညာရေး၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဗိုလ်လောင်းများသည် ၂၀၀၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် ပြည်နယ်နှင့်တိုင်းကြီးကြပ်ရေးအဖွဲ့အသီးသီးက တင်သွင်းခဲ့သော သုတေသနစာတမ်းများကိုလည်းကောင်း၊ လှုပ်ရှားမှုဓာတ်ပုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများကိုလည်းကောင်း ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၅

လူမျိုးဘာသာ ဆင်းရဲချမ်းသာ မရွေး အားလုံးအတွက် ကုသိုလ်ဖြစ် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ရန်ကင်းပြည်သာယာ(ကျိုက္ကစံ စူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် မြောက်ဥက္ကလာပ ဝေဘာဂီမြို့သစ် ဝေဘာဂီလမ်း ဦးမိုးကျော်သူ အကျိုးဆောင်၍ ပိတောက်မြိုင်လမ်း ဦးဝင်းလွင်သက်-ဒေါ်လဲ့လဲ့ခိုင် မိသားစု(စုဘူးအလှူ) ငွေကျပ် ငါးသောင်းရှစ်ထောင်ခုနစ်ရာ အပါအဝင် အလှူရှင် ၂၉ဦးတို့က(စုဘူးအလှူ) ငွေကျပ် လေးသိန်းတစ်သောင်းငါးထောင်ကိုလည်းကောင်း၊ ရန်ကင်း ပြည်သာယာ ဂီတမာလာလမ်း ဦးမင်းဆွေ(တရားရုံးချုပ်ရှေ့နေ)-ဒေါ်တင်တင်အုန်း မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း၊ သီရိဂုဏ်အိမ်ရာ ဦးမျိုးမြင့်အောင်-ဒေါ်မြင့်မြင့်ခိုင် မိသားစုက ငွေကျပ်ငါးသောင်းနှင့် ဆေးမျိုးစုံကိုလည်းကောင်း၊ တာမွေမာရ်အောင်ရပ်ကွက် ရွှေဝါလမ်း အောင်ချမ်းသာပုံနှိပ်တိုက် မိသားစုက ငွေကျပ်ခုနစ်သောင်းငါးထောင်တန်ဖိုးရှိ ဆေးကုသမှုမှတ်တမ်းစာအုပ် ငါးထောင်ကိုလည်းကောင်း လှူဒါန်းကြသည်။ ဆေးနှင့် အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ညောင်ပင်သာဆရာတော် လမ်း၅၀ ဓမ္မာရုံ မိုးကုတ်တရားပွဲ

ရန်ကုန် ဩဂုတ် ၁၅

ဗိုလ်တထောင်မြို့နယ် အမှတ်(၅) ရပ်ကွက် လမ်း၅၀(အောက်လမ်းသွယ်) ရှိ ဓမ္မမာမကဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ ပဓာနနာယက မိုးကုတ်နယ်လှည့် ဓမ္မကထိက အရှင်မာလာစာရ (ဓမ္မာစရိယ)အရှင်သူမြတ်က သစ္စာလေးပါး တရားတော်များကို ဩဂုတ် ၁၈ ရက်မှ ၂၀ ရက် အထိ ဟောကြားမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

စိတ်ထားကြွခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်

ကျောဖုံးမှ

စည်ပင်သာယာရေး ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က ရေရရှိရေးဆိုင်ရာများကိုလည်းကောင်း၊ သစ်တောဦးစီးဌာနက သစ်ပင်စိုက်ပျိုးရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ဦးအောင်ဇော်မြင့်နှင့် ဦးသိန်းထွဋ်တို့က ပါဝင်ဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြကြပြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များက မြေပြုပြင်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်ရေးအတွက် ဖြုန်းအုတ်များစီစဉ်ဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၄ရက် နံနက်ပိုင်းတွင် ပျော်ဘွယ်မြို့သို့ရောက်ရှိပြီး ပျော်ဘွယ်မြို့ရှိ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးသည်။ အိတ်ချိန်းတာဝန်ရှိသူများက ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်း စတင်သုံးပြုမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် တယ်လီဖုန်းလိုင်းများ ကောင်းမွန်ရေးကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည်ပျော်ဘွယ်မြို့ စာပို့တိုက်ဆက်သွယ်ရေးစခန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အမြန်ဖွင့်လှစ်နိုင်ရေး

ဆက်လက်၍ ဝန်ကြီးသည် ရမည်းသင်းမြို့သို့ရောက်ရှိရာ တာဝန်ရှိသူများက ရမည်းသင်းမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း ဖွင့်လှစ်ရန်ပြင်ဆင်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက အော်တိုအိတ်ချိန်း အမြန်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များကို မှာကြား ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော် ဆေးတက္ကသိုလ် ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှ နောက်ဆုံးနှစ်အပိုင်း(က) ဗိုလ်လောင်းများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ်
ဝါခေါင်လပြည့်ကျော် ၈ ရက်
(ဥပုသ်နေ့)
၁၆-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	ဝါဆိုမိုးဆမ်းကန်တော့ပန်း (တိပိဋကနိကာယဥပဌာက အနုပညာအဖွဲ့)
၈:၀၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈:၁၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၃၀	၇။	International News
၈:၄၅	၈။	Islands of Dhamma
၈:၅၀	၉။	ဘဒ္ဒန္တကေသရ(အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အောင်မင်္ဂလာစာသင်တိုက် သရက်မြို့ မကွေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) (အထက-၂၊ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၀	၆။	မြန်မာစာ မြန်မာစကား
၁၇:၂၅	၇။	သီချင်းကြီးပဒေသာ
၁၇:၃၅	၈။	**"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇကရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
၁၇:၄၀	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၀	၁၃။	မျှော်လင့်ခြင်းများစွာ၏ ရင်ခုန်သံ(၁)
၁၉:၁၅	၁၄။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉:၂၅	၁၅။	၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [ပညာရှင်အဆင့်] (အမျိုးသား)
၁၉:၄၅	၁၆။	တန်ခိုးတော်ထင်ရှား ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဘုရား
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာရုပ်ရှင် **"တစ်ဦးကစေတနာ တစ်ဦးကမေတ္တာ"** ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ တင်တင်ညို (ဒါရိုက်တာ-ဦးသုခ)
	၂၁။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

အကောက်ခွန်မှသိမ်းဆည်းထားသောကုန်ပစ္စည်းများ လေလံတင်ရောင်းချမှုငွေကျပ် ၅၄၉၄သိန်းရရှိ

ရန်ကုန် ဩဂုတ် ၁၅

ဆိပ်ကမ်းကုန်တင်/ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီ၏ အစီအစဉ်ဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ရောက်ရှိလာပြီး သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့် မကိုက်ညီသည့် ကုန်ပစ္စည်းများ၊ အကောက်ခွန်ဦးစီးဌာနမှ သိမ်းဆည်းထားသော ကုန်ပစ္စည်းများကို ယနေ့နံနက်၁၀နာရီက အမှတ်(၄)ဆူးလေတံတား ကုန်လှောင်ရုံ၌ လေလံတင်ရောင်းချရာ ငွေကျပ် ၅၄၉၄ သိန်း ရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဩဂုတ် ၁၅

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား)ရေလမ်းကြောင်း၌ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့်(၁၁)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ဩဂုတ် ၁၀ ရက်မှစ၍ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့်(၂)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် လက်ရှိရေလမ်းကြောင်းအတိုင်း ရေလယ်တိုင်အမှတ်(၁၀)နှင့် (၁၁)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။

အမှတ်အသားပြသထား

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၁မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင် တြိဂံ အမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်း၌ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်း ပြသထားသည်။ ဝင်ပေါက်ရေလယ်တိုင်များ၌ မြားအမှတ်အသားပြသထားသည်။

အစုန်ဦးစားပေး

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အား ချိန်ဆပြီး လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့်ထိန်းသိမ်းခုတ်မောင်းကြရန်နှင့်တွဲရေယာဉ်များ နှစ်စင်းတွဲမောင်းနှင်ခြင်းမပြုဘဲ တစ်တွဲချင်းမောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ဂျီးရီးယားၡ၌ စာသင်ဆောင်များတည်ဆောက်ရေး ဂျပန်နှင့် သဘောတူလက်မှတ်ရေးထိုး

အဘူဂျာ ဩဂုတ် ၁၅

နိုင်ဂျီးရီးယားနှင့် ဂျပန်နှစ်နိုင်ငံတို့သည် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာဒူနာပြည်နယ်တွင် စာသင်ဆောင် ၂၆၅ ဆောင် တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၈ဒသမ၂ဘီလီယံ ပမာဏရှိသော သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂျပန်နိုင်ငံအနေဖြင့် စာသင်ဆောင်များ တည်ဆောက်ရေးအတွက် နိုင်ဂျီးရီးယားနိုင်ငံတွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီဖြစ်ကြောင်း၊ ၎င်းမှာ ဂျပန်နှင့် နိုင်ဂျီးရီးယားတို့၏ တတိယမြောက် သဘောတူညီမှု လုပ်ငန်းနှင့် အကြီးမားဆုံး ဆောင်ရွက်မှုတို့ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ စာသင်ဆောင်များ ဆောက်လုပ်ရာတွင် နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်မီနာတွင် စာသင်ဆောင် ၇၀နှင့် နိုင်ဂျာမြို့တို့တွင်လည်း စာသင်ဆောင်များ တည်ဆောက်မည် ဖြစ်သည်။

တည်ဆောက်မည်

ထို့အပြင် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ပလာတီယူပြည်နယ်တွင်လည်း စာသင်ဆောင်များ ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။

လက်မှတ်ရေးထိုး

တစ်ဖန် ကာဒူနာမြို့တွင် စာသင်ကျောင်း ၃၂ကျောင်း၌ လိုအပ်သော ကျောင်းသုံးပရိဘောဂများ၊ ကျောင်းအုပ်ကြီးများအတွက် ရုံးခန်းလေးခုအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လည်း သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယအနောက်ပိုင်း၌ ရေလွှမ်း လူ၆၅ ဦး သေဆုံး

နယူးဒေလီ ဩဂုတ် ၁၅

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ် ဆူရတ်မြို့တွင် ယခုသီတင်းပတ် စောစောပိုင်းက ရေလွှမ်းမိုးမှုများကြောင့် ၆၅ဦးသေဆုံးခဲ့ကြောင်း၊ မီးဟိုင်းမြစ်ရေ မြင့်တက်လာသဖြင့် ဂူဂျာရတ်ပြည်နယ် အလယ်ပိုင်းတွင်လည်း ရေလွှမ်းမိုးမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ဒေသဆိုင်ရာပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၁၂ရက်၌ ပြောကြားသည်။**(အပေါ်ပုံ)**

များပြားလာနိုင်

ယခုထိ သေဆုံးသူ ၆၅ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားကြောင်း၊ သေဆုံးသူဦးရေ များပြားလာနိုင်ကြောင်း အင်ဒိုအာရှ သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အလယ်ပိုင်း **စီအင်မြို့တွင် နှစ်လသားအရွယ် ကလေးငယ်တစ်ဦးအား ရေချိုးကန်တစ်ခုအတွင်း ရေကူးလေ့ကျင့်ပေးနေသည်ကို ဩဂုတ်၁၄ ရက်က တွေ့ရစဉ်။** (ကလေးငယ်များအား ငယ်ရွယ်စဉ် ရေကူးလေ့ကျင့်ပေးခြင်းသည် ကလေးငယ်များ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းကြံ့ခိုင်မှုစွမ်းရည် တိုးတက်ကောင်းမွန်သည်ဟု ဆို၏) **(ဓာတ်ပုံ-အင်တာနက်)**

ကြက်၊ငှက်တုပ်ကွေးရောဂါကုသရာတွင် တရုတ်တိုင်းရင်းဆေးများ အထောက်အကူပြု

ရှန်ရှင်း ဩဂုတ် ၁၅

တရုတ်တိုင်းရင်းဆေးများသည် ကြက်၊ငှက်တုပ်ကွေး ရောဂါသည်များ ကျန်းမာရေးပြန်ကောင်းရန်အတွက် များစွာအထောက်အပံ့ဖြစ်စေကြောင်း တရုတ်ဆေးဝါးကျွမ်းကျင်သူတစ်ဦးက ဩဂုတ် ၁၂ရက်တွင် ပြောကြားသည်။

ခံယူ

ကြက်၊ငှက်တုပ်ကွေး ရောဂါသည် အသက်၃၁နှစ်အရွယ်ရှိ ကျန်သည် ကွမ်ဒေါင်းပြည်နယ် ရှန်ရှင်းမြို့ရှိ ဒေါင်းဂူဆေးရုံတွင် ရက်၅၀ကြာ ဆေးဝါးကုသမှုခံယူပြီး ဩဂုတ်၂ရက်တွင် ဆေးရုံမှ ဆင်းခွင့်ရခဲ့သည်။

အသုံးပြု

ဆေးရုံတက်ရောက်နေစဉ်အတွင်း ဂျင်ဆင်းဖြင့် ပြုလုပ်ထားသည့် ဆေးတစ်မျိုးကို အသုံးပြု၍ ၎င်းခန္ဓာကိုယ်အတွင်းရှိ အပူအဆိပ်များကို ဖယ်ရှားပေးခြင်းဖြင့် ကုသပေးခဲ့ကြောင်း ဆေးရုံအကြီးအကဲ ဇူဘိုပင်က ပြောကြားသည်။

တရုတ်တိုင်းရင်းဆေး ပညာရှင်များအနေဖြင့် အခြားသောနည်းလမ်းများကို အသုံးပြု၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း ဇူက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကုလဆုံးဖြတ်ချက် ဆီးရီးယားထောက်ခံ

ဒမတ်စကတ် ဩဂုတ် ၁၅

လက်ဘနွန်နိုင်ငံ အတွင်း၌ အတိုက်အခိုက်များ အဆုံးသတ်ရန် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို လက်ဘနွန်နိုင်ငံက လက်ခံခြင်းအပေါ် ဆီးရီးယားနိုင်ငံက လက်ဘနွန်နိုင်ငံအား ထောက်ခံကြောင်းဖြင့် ဆီးရီးယားအစိုးရသတင်းဌာနက တနင်္ဂနွေနေ့တွင် ကြေညာသည်။

ဆီးရီးယားအစိုးရသည် လက်ဘနွန်မှ ဟစ်ဇ်ဘိုလာပြောက်ကျားများအဖွဲ့ကို အဓိကထောက်ခံသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဖမ်းဆီးထားသော အစ္စရေးစစ်သားနှစ်ဦးအား ပြန်လွှတ်ပေးပြီး အစ္စရေးအား စိန်ပြောင်းဖြင့် ပစ်ခတ်မှုရပ်စဲရန် ဟစ်ဇ်ဘိုလာပြောက်ကျားအဖွဲ့ကို ဖိအားပေးရန် အမေရိကန်၏ မေတ္တာရပ်ခံချက်ကို ဆီးရီးယားက လျစ်လျူပြုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

သတ်မှတ်ချိန်ထက်စော၍ အပစ်အခတ်ရပ်စဲရန် အစ္စရေးစစ်တပ်အား ဝန်ကြီးချုပ် ညွှန်ကြားခဲ့

ဂျေရုဆလင် ဩဂုတ် ၁၅

အစ္စရေးဝန်ကြီးချုပ် အီဟတ်အိုမတ်က အစ္စရေးစစ်တပ်အနေဖြင့် တနင်္လာနေ့ နံနက်၂နာရီ (ဂရင်းနစ်စံတော်ချိန် တနင်္ဂနွေနေ့ ၂၃း၀၀နာရီ)မှစပြီး အပစ်အခတ်ရပ်စဲရန်နှင့် လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးစစ်တပ်အချို့ ဆုတ်ခွာပေးရန် ညွှန်ကြားလိုက်ကြောင်း ဟားရက်ဇ်သတင်းစာဝက်ဘ်ဆိုက်တွင် ဖော်ပြလိုက်သည်။

ကိုယ့်ကိုယ်ကို ကာကွယ်ရေးမှအပ ယနေ့နံနက် ၂း၀၀နာရီမှစ၍ အစ္စရေးစစ်တပ်အနေဖြင့် အပစ်အခတ်ရပ်စဲရန် ဝန်ကြီးချုပ် အိုမတ်က ညွှန်ကြားလိုက်သည်ဟု ဆိုသည်။

လက်ဘနွန်တောင်ပိုင်းမှ အချို့တပ်များကို ချက်ချင်း စတင်ရုပ်သိမ်းပေးရန်သဘောတူသော်လည်း အစ္စရေးတပ်များသည် စခန်းအချို့ကို လက်ဘနွန်စစ်တပ်နှင့် ကုလသမဂ္ဂတပ်များထံ လွှဲမပေးမချင်း ပတ်ဝန်းကျင်ဒေသများကို ထိန်းချုပ်ထားနိုင်ရန် ထိုစခန်းအချို့တွင် ဆက်လက်တပ်စွဲထားမည်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။ အစ္စရေး တပ်နှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားများအကြား အပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ သတ်မှတ်သည့်အချိန်ထက် အပစ်အခတ်ရပ်ရန် အစ္စရေးဝန်ကြီးချုပ် အိုမတ်၏ အမိန့်မှာ ခြောက်နာရီ ပိုစောသည်ဟုဆိုသည်။

အတည်ပြု

သောကြာနေ့က တညီတညွတ်တည်း အတည်ပြုသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တွင် လက်ဘနွန်မှ အစ္စရေးတပ်များ ရုပ်သိမ်းပေးရန်၊ လက်ဘနွန်ရှိ ကုလသမဂ္ဂ၏ ယူနီဖီးတပ်ဖွဲ့ဝင်ဦးရေကို ၁၅၀၀၀အထိ တိုးချဲ့ချထားရန် တိုက်တွန်းထားသည်။ ဇူလိုင် ၁၂ရက်က အစ္စရေးစစ်သားနှစ်ဦးကို ဟစ်ဇ်ဘိုလာ ပြောက်ကျားများက ပြန်ပေးဆွဲကတည်းက အစ္စရေးက လက်ဘနွန်နိုင်ငံအတွင်း အကြီးအကျယ် ထိုးစစ်ဆင်ခဲ့သည်။ ၃၃ရက်ကြာ တိုက်ခိုက်မှုအတွင်း လက်ဘနွန်ဘက်မှ ၁၁၀၀ဦး သေဆုံးပြီး အများစုမှာ အရပ်သားများဖြစ်သည်။ အစ္စရေးတို့ဘက်မှ တပ်ဖွဲ့ဝင် ၁၀၉ဦးအပါအဝင် ၁၃၉ဦးသေဆုံးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

လန်ဒန်မှပျံသန်းလာသော ခရီးသည်တင်လေယာဉ် မွမ်ဘိုင်းလေဆိပ်၌ အရေးပေါ်ဆင်းသက်

နယူးဒေလီ ဩဂုတ် ၁၅

လန်ဒန်မှ ပျံသန်းလာသော လေယာဉ်တစ်စင်းသည် ဩဂုတ်၁၃ ရက် မွန်းလွဲပိုင်းက မွမ်ဘိုင်းမြို့၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း အင်ဒိုအာရှနယူးစ်ဆားဗစ်တွင် ဖော်ပြသည်။

အင်ဂျင်ချို့ယွင်း

လန်ဒန်-မွမ်ဘိုင်း လေကြောင်း ပျံသန်းမှုခရီးစဉ်အမှတ်၇ ဒဗလျူ ၁၁၈ သည် အိန္ဒိယလေကြောင်းကုမ္ပဏီမှ ပိုင်ဆိုင်ပြီး အင်ဂျင်စက်ချို့ယွင်းမှုဖြစ်ခဲ့စဉ် အရေးပေါ်ဆင်းရခြင်းဖြစ်ကြောင်း မွမ်ဘိုင်းနိုင်ငံတကာလေဆိပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

ယင်းလေယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ၁၉၈ဦးစလုံး ဘေးအန္တရာယ် ကင်းရှင်းခဲ့ကြောင်း အဆိုပါ သတင်းရပ်ကွက်များမှ ကြားသိရသည်။**အမ်အင်အေ၊ဆင်ဟွာ**

အပြည်ပြည်ဆိုင်ရာ စွန်လွှတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန်အတွက် ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ စွန်လွှတ်သူများ ပြင်ဆင်နေကြသည်ကို ဩဂုတ် ၁၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်အလယ်ပိုင်း၌ ရေနံတင်သင်္ဘောနစ်မြုပ်

မနီလာ ဩဂုတ် ၁၅

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း ဂမ်မာရာကျွန်းအနီးတွင် ရေနံပေပါ ၁၄၀၀၀ ခန့်သယ်ဆောင်လာသည့် ရေနံတင်သင်္ဘောတစ်စင်းနစ်မြုပ်ကြောင်း ပီထရွန်ကုမ္ပဏီမှ ပြောဆိုခွင့်ရှိသူက ဩဂုတ် ၁၂ရက်၌ ပြောကြားသည်။

၎င်းဂမ်မာရာကျွန်းတွင် ဖိလစ်ပိုင်နိုင်ငံ၏ အကြီးမားဆုံးရေနံချက်စက်ရုံတစ်ရုံရှိသည်။ နစ်မြုပ်သွားသော သင်္ဘောမှ သင်္ဘောသားနှစ်ဦး ပျောက်ဆုံးနေသည်။ သင်္ဘောသား ၁၆ ဦးနှင့် အခြားနှစ်ဦးတို့မှာ ယခုနေရာမှ ၎င်းကျွန်းနှင့်မိုင်၂၀ခန့်ဝေးကွာသည့် မြို့လေးတစ်မြို့သို့ ရောက်ရှိလာကြသည်ဟုသိရသည်။ **အမ်အင်အေ၊ရိုက်တာ**



တရုတ်နိုင်ငံ ရှန်တုန်မြို့ရှိ စက်ပစ္စည်းများဆိုင်ရာပြပွဲ၌ ပြသထားသော စက်ရုပ်တစ်ရုပ်ကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်ထုတ်မော်တော်ယာဉ်များအတွက် အစိတ်အပိုင်းစက်ရုံ ဘီလာရုစ်နိုင်ငံတွင် တည်ဆောက်ဖွင့်လှစ်

တီဟီရန် ဩဂုတ် ၁၅

အီရန် ဒီဇိုင်းပုံစံထုတ် မော်တော်ယာဉ်များအတွက် မော်တော်ယာဉ် အစိတ်အပိုင်းများထုတ်လုပ်သည့် စက်ရုံသစ်ကို ဘီလာရုစ်နိုင်ငံ မြို့တော်မင့်ခ်တွင် အီရန်စက်မှုလုပ်ငန်းဆိုင်ရာ ဝန်ကြီး အလီရီဇာတက်မက်ဘိုင်က ဖွင့်လှစ်ပေးလိုက်ကြောင်း အီရန် သတင်းဌာန အိုင်အာရ်အင်န်အေက ဩဂုတ် ၁၂ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

အီရန်နိုင်ငံ၏ ခိုဒရိုစက်မှုလုပ်ငန်းမှ ထုတ်လုပ်သော ဆာမင့်တ်ခရီးသည်တင် မော်တော်ကားများအတွက် မော်တော်ယာဉ် အစိတ်အပိုင်း ထုတ်စက်ရုံကို ဘီလာရုစ်နိုင်ငံတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖွင့်လှစ်

အရှေ့အလယ်ပိုင်းတွင် ခိုဒရိုစက်မှုလုပ်ငန်းအုပ်စုသည် အကြီးမားဆုံး မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းဖြစ်သည်။ အဆိုပါ မော်တော်ယာဉ်လုပ်ငန်းမှ ဘီလာရုစ်နိုင်ငံ မြို့တော်မင့်ခ်တွင် ဩဂုတ် ၁၂ ရက်၌ မော်တော်ယာဉ် အစိတ်အပိုင်းစက်ရုံသစ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စက်ရုံသစ်မှ အီရန်နိုင်ငံလုပ် မော်တော်ယာဉ်ဖြစ်သည့် ဆာမင့်တ်ကား ၁၀၀၀၀ အတွက် အစိတ်အပိုင်းများ ထုတ်လုပ်ပေးမည်ဖြစ်ပြီး လာမည့်နှစ်တွင် အစီး ၆၀၀၀ ကျော်အတွက် တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်သည်။

ထိုသို့ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းဖြင့် လာမည့်ငါးနှစ်တာကာလအတွင်းအရှေ့ဥရောပမော်တော်ကားဈေးကွက်သို့ ဝင်ရောက်ရန် စီစဉ်ထားကြောင်း ခိုဒရိုကုမ္ပဏီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

စင်ကာပူ၏ ပထမဆုံးစွယ်စုံကျမ်းထုတ်ဝေ

စင်ကာပူ ဩဂုတ် ၁၅

စင်ကာပူနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ထုတ်ဝေသည့် စင်ကာပူစွယ်စုံကျမ်းသည် စင်ကာပူနိုင်ငံ၏ ပထမဆုံးစွယ်စုံကျမ်းအမျိုးအစားဖြစ်လာမည်ဖြစ်ကြောင်း၊ ၎င်းစွယ်စုံကျမ်းကို စင်ကာပူနိုင်ငံ ဟီရီတေ့လူမှုရေးအဖွဲ့မှ ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်ကြောင်း နယူးအာရှသတင်းဌာနက ဩဂုတ် ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ စွယ်စုံကျမ်းစာအုပ်ကို စင်ကာပူနိုင်ငံသား မိခင်တစ်ဦးက မွေးဖွားသည့် ဩစတြေးလျပညာတော်သင်ဆုရသူ ဂျူစတင်းကောဖီးလ်က ရေးသားခြင်းဖြစ်သည်။ ၎င်းစာအုပ်တွင် စင်ကာပူနိုင်ငံ၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ ပြည်သူ့ရေးရာနှင့် သမိုင်းများကို အေမှဇက်အထိ အင်္ဂလိပ်စာလုံးအစဉ်အတိုင်း ရေးထားခြင်း ဖြစ်သည်။

မှတ်တမ်းတင်

ထို့အပြင် စင်ကာပူနိုင်ငံ၏ သမိုင်းဝင်ဖြစ်ရပ် ၃၀၀ခန့်ကိုလည်း အဆိုပါစာအုပ်တွင် ထည့်သွင်း မှတ်တမ်းတင်ထားသည်။ ထိုစာအုပ်သည် စင်ကာပူ နိုင်ငံဆိုင်ရာ ပုံမှန်ဖြစ်ရပ်များနှင့် ထူးခြားဖြစ်ရပ်များလည်း ပါဝင်ရာ စင်ကာပူ ကျောင်းသားများအတွက် အထောက်အကူရမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အကြမ်းဖက်တိုက်ခိုက်မည့် သံသယရှိသူခုနစ်ဦး ပါကစ္စတန်နိုင်ငံ ကရာချိ၌ ဖမ်းဆီးခဲ့

လန်ဒန်/ကရာချိ ဩဂုတ် ၁၅

ဗြိတိန်မှ အမေရိကန်သို့ ထွက်ခွာမည့် ခရီးသည်လေယာဉ် ၁၀ စင်းထက်မနည်း နှောင့်ယှက်ဖျက်ဆီးရန် ကြံစည်မှုတစ်ရပ် ဩဂုတ် ၁၀ ရက်က ဖြစ်ပွားပြီး ဗြိတိန်၌ ယင်းကိစ္စနှင့် စပ်လျဉ်း၍ လူ ၂၁ ဦးအားဖမ်းဆီးခဲ့ချိန်တွင်ပါကစ္စတန်နိုင်ငံ ကရာချိ၌အယ်လ်ကေဒါနှင့် ဆက်နွှယ်သည်ဟု သံသယရှိသူ ခုနစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

ဖမ်းဆီးခဲ့

ဗြိတိန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ အပြန်အလှန်ဖလှယ်ခဲ့ပြီးနောက် ထိုလူခုနစ်ဦးအား ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးရုံး ပြောခွင့်ရ အမျိုးသမီးတက်စ်နမ်းအက်ဆလမ်က ပြောကြားသည်။

အဆိုပါ လူခုနစ်ဦးကို ကရာချိ၌ ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ပြန်ကြားရေးသတင်းရပ်ကွက်များက ပြောကြားသည်။

ကွန်ရက်

ယင်းကဲ့သို့ နှစ်နိုင်ငံအကြား သတင်းအပြန်အလှန်ဖလှယ်ခဲ့ကြပြီး နောက်ဆုံး ဖောက်ခွဲမည့်ကွန်ရက်ကို ဖြစ်စေခဲ့ကြောင်း သူမကပြောကြားသည်။ **(ပီတီအိုင်)**

ဗီဒယ်ကက်စထရို၏ မှတ်တမ်းဓာတ်ပုံများ ဩဂုတ် ၁၃ ရက်က ထုတ်ပြန်ပြသ

ဟာဗားနား ဩဂုတ် ၁၅

ဖီဒယ်ကက်စထရို၏ညီ ရာလ်ကတ်စထရိုသည် ကျူးဘားနိုင်ငံ၏ ယာယီသမ္မတအဖြစ် တာဝန် စတင်ယူပြီးကတည်းက ပြည်သူ့ရှေ့မှောက်သို့ပထမဆုံးထွက်ပြချိန်တွင်နာမကျန်းဖြစ်နေသည့် ဖီဒယ်ကက်စထရိုကလည်း သူ့အသက် ၈၀ မွေးနေ့တွင် အသက်ရှင် ကျန်းမာလျက်ရှိကြောင်း ပြသရန်အတွက် ဖီဒယ်ကက်စထရို၏ လှုပ်ရှားမှုဓာတ်ပုံများကို တနင်္ဂနွေနေ့က ပြည်သူများအား ထုတ်ပြန်အသိပေးလိုက်သည်။

တွေ့ဆုံအားပေး

ဖီဒယ်ကက်စထရိုမွေးနေ့အထိမ်းအမှတ်အဖြစ်သူ၏ ထိပ်တန်း မဟာမိတ်တစ်ဦးဖြစ်သူ ဗင်နီဇွဲလား သမ္မတချာဗက်ဇ်သည် ကျူးဘားနိုင်ငံ ဟာဗားနားသို့ ရောက်ရှိလာသည်။ သမ္မတချာဗက်ဇ်မှာ ဖီဒယ်ကက်စထရိုအားလာရောက်တွေ့ဆုံ အားပေးသည့် ပထမဆုံး နိုင်ငံခြားခေါင်းဆောင်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ပေါ်တူဂီ၌ အပူလှိုင်းကျရောက် အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်

လစ္စဘွန်း ဩဂုတ် ၁၅

ပေါ်တူဂီနိုင်ငံတွင်ဒေသ ၁၂ခု၌အပူလှိုင်းကျရောက်ခဲ့ရာ အနီရောင်အဆင့် သတိပေးမှုထုတ်ပြန်ကာ ပြည်သူတို့အားအသိပေးခဲ့ရသည်ဟု ပေါ်တူဂီနိုင်ငံအထွေထွေကျန်းမာရေးအုပ်ချုပ်ရေးအဖွဲ့က ဩဂုတ်၁၁ရက်၌ ပြောကြားသည်။ပေါ်တူဂီနိုင်ငံရှိ ဘရာဂါ၊ အိုပေါ်တို၊ အဗီရိုရို၊ ကာဇတီလိုဘရန်ကို၊ လီရီရာ၊ ဆန်တာရမ်၊ လစ္စဘိုရာ၊ ပေါတာ လက်ဂရီ၊ စီတူဆယ်၊ အီဖိုရာနှင့်ဘီဂျာတို့ဖြစ်ကြောင်း ထိုဒေသများ၌ အပူလှိုင်းကျရောက်လျက်ရှိကြောင်း အပူလှိုင်း ကျရောက်မှုမှာ နေရာဒေသကြီးမားကျယ်ပြန့်ကြောင်းသိရသည်။

အနီရောင်အဆင့်သတိပေးမှုကို ထုတ်ပြန်ခဲ့ရကြောင်း၊ အပူလှိုင်းကျရောက် မှု၏ ကျန်းမာရေးဆိုးကျိုးများကို ပြည်သူများသတိပြုမိစေရန်ဖြစ်ကြောင်း အဆိုပါ ကျန်းမာရေးဌာနမှပြောကြားသည်။ အခြားဒေသလေးခုဖြစ်သည့် ဗီရာနာဒိုကတ်တီလို၊ ဘရာဂန်ဇာ၊ ဗီလာရီးရဲလ်နှင့်ဗီစီတို့မှာ အဝါရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားကြောင်းသိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရန်၌ ဘတ်စ်ကားနှင့် ကုန်တင်ကားတိုက်မိ

တီဟီရန် ဩဂုတ် ၁၅

အီရန်နိုင်ငံ တောင်ပိုင်း ဖားစ်ပြည်နယ်၌ ဘတ်စ်ကား တစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့ တိုက်မိကြရာ ခရီးသည် ၂၃ဦး သေဆုံးသွားကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားက ဩဂုတ် ၁၃ရက်၌ သတင်းထုတ်လွှင့်ခဲ့သည်။

ယင်းယာဉ်တိုက်မှု ဖြစ်ပွားရာဒေသမှာ ဖားစ်နှင့် ရှီရတ်ဇ်မြို့ကြီးနှစ်မြို့အကြား ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးတစ်နေရာတွင် ဒေသစံတော်ချိန် ညနေလေးနာရီ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းယာဉ်တိုက်မှုတွင်ဘတ်စ်ကားမီးလောင်သွားပြီး ဘတ်စ်ကားခရီးသည် ၂၃ဦး သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက နိုင်ငံပိုင် ရုပ်မြင်သံကြားသို့ ပြောကြားသည်။

အီရန်နိုင်ငံ၌ ယာဉ်တိုက်မှုကြောင့် မိနစ် ၂၀တိုင်း လူတစ်ယောက်နှုန်း သေဆုံးနေကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့ တစ်လွှား ထူးထူး ခြားခြား

သဲဖြင့် ပြုလုပ်ထားသောရေနွေးကရား

သဲများဖြင့် ပြုလုပ်ထားသော ရေနွေးကရားတစ်ခုကို ပြသနေစဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်တွင် ခေတ်မီဆန်းသစ်သော ဒီဇိုင်းပုံစံဖြင့် သဲများကို ပုံသွင်းကာ ရေနွေးကရားအိုးတစ်ခုကို ဒေသခံတစ်ဦးကပြုလုပ်ထားရာ ၎င်းသဲအိုးကို ဆန်းပြား သောပစ္စည်းများ စုဆောင်းသူများက ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ အဆိုပါ သဲရေနွေးကရားကို ခရမ်းရောင် ခြယ်သထားပြီး အသုံးပြုသူများအတွက် ကျန်းမာခြင်းနှင့် ကံကောင်းခြင်းများကိုဖြစ်ပေါ်စေသည်ဟု ယူဆကြသည်။ **(အင်တာနက်)**

လူငါးဦးစီး နဂါးစက်ဘီး

လူငါးဦးစီးနင်းနိုင်သော နဂါးစက်ဘီးတစ်စီးကို စီးနင်းလာသူများကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် နဂါးတစ်ကောင်ဒီဇိုင်းပုံစံအတိုင်း တီထွင်ထုတ်လုပ်ထားသော စက်ဘီးတစ်စီးမှာ လူငါးဦးစလုံးနင်းနိုင်အောင် ပြုလုပ်ထားသည်။ ၎င်း လူငါးဦး စီးနင်းသည့် နဂါးစက်ဘီးဖြင့် တရုတ်နိုင်ငံတစ်ဝန်း လှည့်လည်စီးနင်းမည်ဖြစ်ရာ ယင်းမှာ ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်အကြို လှုပ်ရှားမှုတစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ပညာရေးလုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာသက်သက်ဇင်၊ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာ ခင်မာအေး၊ အဖွဲ့ဝင် ဒေါက်တာ ခင်သက်မြိုင်၊ ပညာရေးလုပ်ငန်းအဖွဲ့ အဖွဲ့ ခေါင်းဆောင် ဒေါ်မင်းသက်မွန်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင်နှင့် ဆရာမများ၊ ကျောင်းသူ ၂၅၄ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာသက်သက်ဇင်**(အောက်ပုံ)**က အမှာစကား ပြောကြားသည်။

ပညာပေးဟောပြော

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာခင်သက်မြိုင်က **"ကျန်းမာပျော်ရွှင် ဘဝတစ်ခွင်"**ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောသည်။

ဆက်လက်၍ သက်ငယ်အမျိုးသမီးအဖွဲ့ဝင် အဆိုပြုလွှာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင်ကပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က လက်ခံယူသည်။

ယင်းနောက် ကျောင်းသူကလေးများက ကျောင်းကျန်းမာရေးနှင့်ပတ်သက်သည့် တစ်ခန်းရပ်ပြဇာတ်ဖြင့် တင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ဒေါက်တာ သက်သက်ဇင်နှင့်အဖွဲ့သည် ကျောင်းကျန်းမာရေး သီတင်းပတ် ပညာပေးပြခန်းနှင့် ကျန်းမာရေးစစ်ဆေး ပေးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် အမှတ် ၁၅၅ ယောဂီကျောင်းလမ်း ၁၁ ရပ်ကွက် လှိုင်မြို့နယ်နေ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းအားရည်စူး၍ ဇနီး ဒေါ်ခင်ရီ၊ သားသမီး၊ မြေးမိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ ရှေ့မှောက်၌ တာဝန်ခံ ဒေါ်နယ်လီအုန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့ မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အမှတ် ၃၉ နေ ဒေါ်မြမြ၊ မြေး မိုးသော်နိုင် မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အရှင်ကုသလ(M.A) အမှူးဆောင်ဆရာတော် ရှေ့မှောက်၌ တာဝန်ခံ ဒေါ်နယ်လီအုန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် လာမည့်နှစ်ပေါင်း ၂၀၀ ကျော်တွင် တောမီးလောင်ခြင်း၊ မိုးခေါင်ခြင်းနှင့် ရေလွှမ်းခြင်းများပိုမိုကြုံတွေ့ရဖွယ်ရှိ

ကမ္ဘာတစ်ဝန်း အပူချိန်မြင့်တက်လာမှုကြောင့် လာမည့်ရာစုနှစ် နှစ်ခုကျော်တွင် ကမ္ဘာ့နိုင်ငံများ၌ သစ်တောများ မီးလောင်ခြင်း၊ မိုးခေါင်ခြင်းနှင့် ရေလွှမ်းခြင်းများ တိုးမြင့်ဖြစ်ပေါ်လာဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံမှ ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

အပူစွမ်းအင်

သဘာဝဓာတ်ငွေ့အန္တရာယ်များနှင့် ဆက်တိုက်ကြုံတွေ့နေရသော ကမ္ဘာကြီး၏ အစိတ်အပိုင်းအတော်များများတွင် အပူစွမ်းအင်ဖြစ်ပေါ်စေသော လုပ်ဆောင်ချက်များကို လူသားတို့က အရှိန်အဟုန်မြင့် ဆောင်ရွက်နေလျက်ရှိရာ ထိုသို့ ပြုလုပ်နေမှုများကို အတတ်နိုင်ဆုံး လျှော့ချ

အင် တာ နက် အ ထူး သ တင်း နှင့် ဓာတ် ပုံ

ဖြတ်တောက်ကြရမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံရှိ ဘရစ်စတိုလ်တက္ကသိုလ်မှ သုတေသနပညာရှင်အဖွဲ့က ပြောကြားသည်။

နည်းလမ်းရှာဖွေ

ကမ္ဘာ့အပူချိန်မြင့်တက်လာမှု လျှော့ချရေးစီမံကိန်းကို ဆောင်ရွက်ကြရမည်ဖြစ်ရာ စီမံကိန်းကို အကောင်အထည်ဖော်ရာ၌ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပုံစံအနေအထား အမျိုးအစားပေါင်း ၅၀ ကျော်မှ အသေးစိတ်အချက်အလက်များကို စုဆောင်းအခြေခံကာ မည်သို့မည်ပုံ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရေး နည်းလမ်းရှာဖွေကြရမည်ဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

ဖန်လုံအိမ်အာနိသင်

ထို့အပြင် ဖန်လုံအိမ်အာနိသင် ထုတ်လွှတ်မှုလျှော့ချရေးကိုလည်း မဖြစ်မနေ လုပ်ဆောင်ကြရမည်ဖြစ်ပြီး ယခုအခါ ဗြိတိန်နိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီမှ သုတေသနပညာရှင်များကလည်း ရာသီဥတုပူနွေးလာမှုဆိုင်ရာ အချက်အလက်များနှင့် လျှော့ချနိုင်ရေးဆိုင်ရာ အချက်အလက်များကို လေ့လာမှတ်တမ်းတင်လျက်ရှိသည်။

ဆိုးကျိုးများသက်ရောက်

သုတေသနပညာရှင်များ၏ ကနဦး မှတ်တမ်းများအရ ကမ္ဘာ့အပူချိန်သည် ၂ ဒီဂရီစင်တီဂရိတ်၊ ၂နှင့်၃ ဒီဂရီစင်တီဂရိတ်နှင့် ၃ ဒီဂရီစင်တီဂရိတ် စသည်ဖြင့် တဖြည်းဖြည်း ပူနွေးလာခြင်းဖြစ်ရာ လတ်တလောခံစားမှုမှာ အပင်နှင့် သတ္တဝါတို့အပေါ် ဆိုးကျိုးများသက်ရောက်ခြင်းဖြစ်သည်ဟု အဆိုပါသုတေသနပညာရှင်များက ပြောကြားသည်။

ကြီးမားစွာ

လက်ရှိအပူချိန်အတိုင်း ဆက်လက်မြင့်တက်သွားပါက နှစ်ပေါင်း ၂၀၀ ကျော်ကာလ၌ သောက်သုံးရေပြတ်လပ်ခြင်း၊ တောရိုင်းတိရစ္ဆာန်သေဆုံးမှုများပြားခြင်းနှင့် သစ်တောများ မီးလောင်ကျွမ်းမှု ပိုမိုဖြစ်ပွားလာမည့်အပြင် လူသားတို့၏ ကျန်းမာရေးဆိုင်ရာ ပြဿနာများလည်းကြီးမားစွာ ရင်ဆိုင်ကြုံတွေ့ကြရဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သတိပေးပြောကြားထားသည်။

သောက်သုံးရေပြတ်လပ်

လက်ရှိအချိန်၌ပင် အာဖရိက အနောက်ပိုင်း၊ ဥရောပ တောင်ပိုင်းနှင့် အမေရိကန်နိုင်ငံ အရှေ့ပိုင်းဒေသများတွင် အပူချိန်မြင့်တက်လာမှုကြောင့် သောက်သုံးရေပြတ်လပ်မှုများနှင့် ကြုံတွေ့နေရသည်ဟုဆိုသည်။ **(ကိုးကား–အင်တာနက်)**

အခြေခံကွန်ပျူတာ အသုံးချနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၅

သာသနာရေး ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်၌ အခြေခံကွန်ပျူတာ အသုံးချနည်း (အင်တာနက်၊ အီးမေးလ်အပါအဝင်) သင်တန်းကို စက်တင်ဘာ ဒုတိယအပတ်မှ စ၍ တစ်ပတ်လျှင်သုံးရက်(ကြာသပတေး၊ သောကြာ၊ စနေနေ့)များတွင် ညနေ ၄ နာရီမှ ၆ နာရီအထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။

လျှောက်ထားနိုင်

သင်တန်းပြီးဆုံးပါက အောင်မြင်ကြောင်း လက်မှတ်ပေးအပ်မည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် ဘွဲ့ရရှိပြီးသူများသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဖုန်း–၆၅၀၇၁၂ သို့ ဆက်သွယ် လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးဦးတည် သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးသည် ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း အစည်း အဝေးခန်းမ၌ ဝန်ကြီးဌာနရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ မိတ္ထီလာ လွင်ပြင် စိမ်းလန်းစိုပြည်ရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ပံ့ပိုးကူညီမှု

ရှေးဦးစွာအထွေထွေအတွင်းရေးမှူး ဝန်ကြီးဦးဌေးဦးက အမှာစကားပြော ကြားရာတွင် နိုင်ငံတော်၏ စီးပွား ရေးကို လယ်ယာကဏ္ဍအခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေ ဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေးကို ဦးတည်ဆောင်ရွက် နေကြောင်း၊ သီးနှံ ၁၀ မျိုး ပန်းတိုင် အထွက်နှုန်းရရှိရေးကို အဓိကဆောင် ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက် ဒေသဖွံ့ဖြိုးရေး၊ တောင်သူလယ်သမား များ၏ လူမှုစီးပွားရေးဘဝ မြင့်မား ရေးကို မိမိတို့တတ်ကျွမ်းသည့် ပညာ ရပ်ဖြင့် ရေရှရှိရေး၊ စိုက်ပျိုးရေးနည်း ပညာပြန့်ပွားရေး၊ အထွက်ကောင်း မျိုးလဲလှယ်၍ အထွက်တိုးဝင်ငွေတိုး အောင် ဆောင်ရွက်ရေးကြိုးပမ်းကြ ရမည်ဖြစ်ကြောင်း၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက် လျက်ရှိကြရာ ဆောင်ရွက်နေသည့် လုပ်ငန်းများကို သိရှိရန်နှင့် လိုအပ် ချက်များ ပံ့ပိုးကူညီမှုပေးနိုင်ရန် တွေ့ ဆုံရခြင်းဖြစ်ကြောင်း ပြောကြား သည်။

တိုးတက်မြင့်မား

ထို့နောက် မိတ္ထီလာခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှုတင်က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုများ၊ မိတ္ထီလာကန်ရေကူ ပေးရေး စီမံကိန်းဆောင်ရွက်ချက် များကို လည်းကောင်း၊ မန္တလေးတိုင်း စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက ရေရရှိရေးဆောင်ရွက် ချက်များကို လည်းကောင်း၊ မိတ္ထီလာ ခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးသိန်းဇော်က စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆောင်ရွက်မှု များကိုလည်းကောင်း တင်ပြကြသည်။

ဆက်လက်၍ သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးဦးမိုးမြင့်သိန်း၊ ဝမ်းတွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ဦး၊ မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစိုးသန်း၊ မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးစိုးသိန်းတို့က မိမိတို့ ဒေသ၌ ရေရရှိနိုင်သည့်လုပ်ငန်းများ၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး လုပ်ငန်းများကို ဆွေးနွေးတင်ပြကြ သည်။

ပံ့ပိုးဆောင်ရွက်

ထို့နောက် အထွေထွေ အတွင်း ရေးမှူး ဝန်ကြီးဦးဌေးဦးက လိုအပ်သည် များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဩဂုတ် ၁၅

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့်မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာခဲ့ကာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့ညက ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၁၆ ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာ ကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်း တိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာ အနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်တို့တွင် ရံဖန် ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသ များတွင် မိုးအားလျော့နည်းမည်ဟု သိရသည်။ (မြန်မာ့အလင်း)

သီလဝါဆိပ်ကမ်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ ဝန်ထမ်းများ အခက်အခဲမရှိအောင်မြင်စွာဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်း ဆွေသည် တာဝန်ရှိသူများလိုက်ပါ လျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သန်လျင်မြို့နယ် သီလ ဝါဆိပ်ကမ်း၌ အကောက်ခွန်ဦးစီးဌာန ဆိပ်ကမ်းကွန်တိန်နာ စစ်ဆေးသည့် X-ray စက်၏ လုပ်ငန်းဆောင်ရွက်မှု များကို ကြည့်ရှုစစ်ဆေး၍ အကောက် ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြား သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သီလဝါဆိပ်ကမ်းရှိ Myanmar International Terminals Thilawa (MITT) Co., Ltd. ရုံးခန်းမ၌ အကောက်ခွန်ဦးစီးဌာနနှင့် MITT မှ ဝန်ထမ်းများအား လုပ်ငန်းဆောင် ရွက်ရာတွင် လျင်မြန်စွာဆောင်ရွက် နိုင်ရေး၊ အန္တရာယ်ကင်းရှင်းစေရေး၊ လျှပ်စစ်မီး မှန်မှန်ရရှိနိုင်စေရေးနှင့် ကုန်တင်ကုန်ချ လုပ်ငန်းများတွင် အခက်အခဲမရှိဘဲ အောင်မြင်စွာ ဆောင်ရွက်နိုင်စေရေးတို့ကို မှာကြား ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့တိုင်းရင်းဆေးပညာ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးရည်မှန်း ဆေးပင်နှင့်ဆေးပစ္စည်းတို့၏အမျိုးအမည်မှန်ကန်ရေးအလုပ်ရုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၅

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာ့တိုင်းရင်းဆေးပစ္စည်းနှင့် ဆေးပင်တို့၏ အမျိုးအမည်မှန်ကန်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ပါဝင်ဆွေးနွေး

အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာ ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းရင်း ဆေးကောင်စီဝင် ဆရာကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာ အသင်း အလုပ်အမှုဆောင် ဆရာကြီး များ၊ တိုင်းရင်းဆေးပညာရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေး မည့်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ခေတ်ကာလသည် မြန်မာ့ တိုင်း ရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်လျက် ရှိသကဲ့သို့ တစ်ဖက်မှလည်း ပြည်သူ လူထုကျန်းမာရေး စောင့်ရှောက်မှု ပေးသည့်နေရာတွင် တိုင်းရင်းဆေး ကဏ္ဍ တိုးတက်မြင့်မားမှုသည် နိုင်ငံတော်အကြီးအကဲ၏ အားပေး ချီးမြှောက်မှု၊ ကျန်းမာရေးဝန်ကြီးဌာန ၏ လမ်းညွှန်မှုနှင့် တိုင်းရင်းဆေး ပညာဦးစီးဌာန၏ စီမံကြီးကြပ်မှု၊ ကြိုးစားအားထုတ်မှုတို့ကြောင့် ဖြစ် ကြောင်း၊ ထိုသို့ဖွံ့ဖြိုးတိုးတက်လာမှု၊ လူအများလက်ခံသုံးစွဲမှု စသည်တို့ တည်တံ့ခိုင်မာအောင် ဆောင်ရွက်ရန် သည် မိမိတို့တာဝန်တစ်ရပ်ဖြစ်သည် ကို တိုင်းရင်းဆေးပညာရှင်အားလုံး မမေ့အပ်ဘဲ အစဉ်အမြဲနှလုံးသွင်းနေ ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေး ပညာသည် လူသားမျိုးနွယ်အဆက် ဆက် အမွေဆက်ခံကြရသည့်အပြင် ဆေးဝါးများသည်လည်း ကြီးမား ကျယ်ပြန့်သည့် သဘာဝဆေးပင်နှင့် ဆေးပစ္စည်းတို့ကို အခြေခံရသည့် အတွက် တိကျသည့်စနစ်တစ်ခု သတ်မှတ်ပြဌာန်းရာမှ အခေါ်အဝေါ် ကွဲပြားရောထွေးမှုရှိတတ်သည်ကို ကမ္ဘာ့လူမျိုးအသီးသီးတို့၏ တိုင်းရင်း ဆေးပညာအသီးသီးတွင် တွေ့ကြုံရ စမြဲဖြစ်သည်။ သို့အတွက် အခေါ် အဝေါ်များတိကျစေရန် အရေးကြီး ကြောင်း၊ ဆေးဝါးဖော်စပ်ရာတွင် လည်းကောင်း၊ သုံးစွဲကြသည့်အခါ တွင်လည်းကောင်း ဆေးပင်ဆေးနည်း အခေါ်အဝေါ်ဖော်စပ်နည်း လွဲမှား တိမ်းစောင်းလျှင် ကျန်းမာသက်ရှည် မှုအတွက် **"ဆေး"** မဖြစ်ဘဲ **"ဘေး အန္တရာယ်"** ပင် ဖြစ်စေနိုင်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် ကွဲပြားမှုအမျိုးမျိုး ဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်ကြောင်း၊ ထို့အတွက် တိုင်းရင်းဆေးပညာဦးစီး ဌာနသည် မြန်မာ့တိုင်းရင်းဆေးပညာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းပြီး တိုင်းရင်းဆေးကောင်စီဝင် များနှင့် တိုင်းရင်းဆေးဆရာအသင်း များ ပူးပေါင်းပါဝင်ကာ **"မြန်မာ့ တိုင်းရင်းဆေးပင်နှင့်ဆေးပစ္စည်းတို့၏ အမျိုးအမည်မှန်ကန်ရေး"** အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့ကျင်းပရခြင်းဖြစ် ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ပညာရှင်များ စုဆောင်းပြုစု ထားသော ဝိဝါဒကွဲပြားနေသည့် ဆေးပင်နှင့် ဆေးနည်းများ တင်ပြချက် များအပေါ် သက်ဆိုင်ရာ တိုင်းရင်း ဆေးပညာရှင်များက ဝိုင်းဝန်းဆွေးနွေး ညှိနှိုင်း အဖြေရှာခြင်း၊ ယခင် အဆက်ဆက် အငြင်းပွားဖွယ်ရာ ဆေးပင်နှင့် ဆေးနည်းအခေါ်အဝေါ် များကို **"စံ"** အမည်များဖြင့် ပြဋ္ဌာန်း နိုင်ရန် ဦးတည်ဆောင်ရွက်ခြင်း စသည်တို့ကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းရင်း ဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြား ရေးမှူးချုပ် ဒေါက်တာ မြတ်မြတ် အုန်းခင်၊ ဦးဝင်းမြင့်(သုတေသနနှင့်ဖွံ့ ဖြိုးရေး)၊ ဒေါ်သီတာဆွေ(သုတေသန)၊ ဒေါ်ဝတ်ရည်ဆွေ (ဖွံ့ဖြိုးရေး)၊ ဦးဝင်း ထိန်ကျော်(ဖွံ့ဖြိုးရေး)တို့၏ တင်ပြ ချက်များကို အုပ်စုလေးခု ခွဲပြီးဆွေးနွေး ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်းမကြီး ဖွင့်လှစ်ခဲ့၍ မြန်မာနိုင်ငံအနှံ့ အချိန်မရွေးသွားလာနိုင် ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ရင်းနှီးမှုပိုမိုရရှိ

✡ *ကျော်ဖုံးမှ*

ဆောင်ရွက်ရာတွင် မြစ်ကူးလမ်းမကြီးနှင့် ပြည်ထောင်စုလမ်းမကြီးများ စီမံကိန်းကို ချမှတ်လျက် မဟာဗျူဟာကျကျ စီမံကိန်းများချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရင်းနှီးမှု

ထိုသို့ ဆောင်ရွက်ချက်များအနက် ၂၀၀၁ ခုနှစ်တွင် စတင်ဖောက်လုပ်ဆောင်ရွက်ပြီး ၂၀၀၆ ခုနှစ် ဧပြီ ၁၇ ရက်က ဖွင့်လှစ်ခဲ့သော ခရီးမိုင် ၄၀၀ ကျော်ရှိသည့် ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်းမကြီးသည် တစ်ခုအပါအဝင်ဖြစ်သည်။ ပြည်ထောင်စုလမ်းမကြီးကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ရခိုင်ပြည်နယ်မှ မြန်မာနိုင်ငံအနှံ့အပြားသို့ အချိန်မရွေး အလွယ်တကူသွားရောက်နိုင်ပြီဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ရင်းနှီးမှုများလည်း ပိုမိုရရှိခဲ့သည်။

ပြီးစီးမိုင်

ရန်ကုန်–ကျောက်ဖြူလမ်းမကြီးသည် အရှည်မိုင် ၄၀၀ ရှိရာ ရန်ကုန်–ပြည် မိုင် ၁၈၀၊ ပြည်–တောင်ကုတ် မိုင် ၁၀၀၊ တောင်ကုတ်–မအီ ၄၃ မိုင်၊ မအီ–မင်းကြောင်း–ကျောက်ဖြူ ၇၇ မိုင် စုစုပေါင်း မိုင် ၄၀၀ ဖြစ်သည်။ ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ရာတွင် တောင်ကုတ်–မအီ–ကျောက်ဖြူသည် အသစ်ဖောက်လုပ်ရသော လမ်းပိုင်းဖြစ်ပြီး မိုင် ၁၂၀ ရှိသည်။

တောင်ကုတ်–မအီအပိုင်းနှင့် မအီ–ကျောက်ဖြူအပိုင်းတို့ကို နှစ်ပိုင်းခွဲ၍ ဖောက်လုပ်ကြရာ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှစ၍လမ်းကို လမ်းကြောင်းရှာတိုင်းတာခြင်းပြုခဲ့၍ ၂၀၀၁ ခုနှစ်မှ စတင်ပြီး လမ်းလုပ်ငန်းအဖွဲ့ နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ်တွင် အပြီးဖောက်လုပ်နိုင်ခဲ့ကြသည်။ လမ်းအမာခံရရှိရန်အတွက် မိုင် ၁၂၀ ရှိသော မအီ–ကျောက်ဖြူလမ်းတွင် တောင်ကုတ်–မအီလမ်းသည် ၄၃ မိုင် ရှိ၍ ၇၇ မိုင်သည် မအီ–မင်းကြောင်း– ကျောက်ဖြူလမ်းဖြစ်သည်။

သောက်သုံးရေ

၇၇ မိုင်အပိုင်းအနက် ၅၇ မိုင်သည် ကုန်းပိုင်းဖြတ်မြေ ဖို့မြေဖြစ်၍ မိုင် ၂၀သည် ဒီရေရွှံ့နွံတောကို ခဲခဲယဉ်းယဉ်း ဖောက်လုပ်ခဲ့ရသည်။ ပင်လယ်ဒီရေများနှင့် သစ်ပင်များ ဖုံးလွှမ်းနေသောရေပြင်ကို အမာခံလမ်း ယင်းသို့ ဆောင်ရွက်ရာ၌ ပထမဆုံးအခက်အခဲသည် ပင်လယ်ပြင်တွင် မြစ်များ၊ ချောင်းများ လက်တက်ဖြစ်သောကြောင့် လူအင်အားများစွာ မရှိ မဖြစ်လိုပြီး ရေချိုမရှိသဖြင့် သောက်သုံးရေ၊ လုပ်ငန်းသုံးရေရရှိရန်လည်း လိုအပ်သည်။

ရေချိုရရှိ

ရေချိုရရှိရန်အတွက် မြစ်ဖျား၊ ချောင်းဖျားများ၌ တာတမံများပိတ်ရသည်။ မြစိမ်းတောင်တမံမှ ရေချိုသန်းပေါင်း ၇၀ ရရှိခဲ့သည်။ ၎င်းအပြင် မြေရရှိရန် မြေများတူးရာမှ ပေ ၂၀၀ ပတ်လည်မြေများတူးရပြီး ၎င်းမြေကြီးကန်များသို့ တောင်ပေါ်မှရေများ စီးဆင်းဝင်လာခြင်းကြောင့် မြေတူးနာမှ ရေချိုရဆောင်ပုဒ်အတိုင်း မြေကြီးကန်တစ်ခုလျှင် ရေဂါလန် တစ်သန်းရပြီး ကန် ၁၀ ကန်မှ ရေဂါလန် ၁၀ သန်းရရှိ၍ ရေချိုကိစ္စအောင်မြင်လျက် ဒေသခံများအတွက်ပါ ရေချိုရရှိသွားသည်။

ရေကိစ္စအောင်မြင်သွားပြီးနောက် ဒီရေတောဖုံးနေသည့် မိုင် ၂၀ ကို ဖြတ်ရန်မှာ ခက်ခဲနေသောကြောင့် နည်းပညာရှာဖွေကြရာမှ Geotextile (ဂျီအိုတက်စ်တိုင်း)ဆိုသော ပိတ်စခံ၍ လမ်းဖောက်သော နည်းပညာကို တွေ့ရှိခဲ့သည်။ ဂျီအိုတက်စ်တိုင်းသည် အောက်တွင်ရှိနေသည့် ရွှံ့နွံပေါ်တွင် မြေပြုပြင်ပြီး ၎င်းအပေါ်၌ မြေထပ်ခင်းခြင်းနည်းပညာဖြင့် အမာခံလမ်းကြီးကို အောင်မြင်စွာ ဖောက်လုပ်နိုင်ခြင်း ဖြစ်သည်။

ရခိုင်ပြည်နယ်ဒေသသည် မိုးများသောဒေသဖြစ်သည်။ မိုးရွာသွန်းမှုသည် မိုးရေချိန် ၆လက်မမှ ၈လက်မ အထိရှိပြီး လုပ်ငန်းကာလသည် လေးလမှ ငါးလခန့်သာရှိရာ အားလုံး နေ့ရောညရော အချိန်ပြည့်လုပ်ကိုင်ကြခြင်းကြောင့် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးပေါ်ထွန်းလာခြင်း ဖြစ်သည်။ ယခုလမ်းကြီးပေါ်ပေါက်လာရခြင်းသည် တပ်မတော်နှင့်ပြည်သူ၊ ကြည်ဖြူလက်တွဲဆိုသည့်အတိုင်း ၁၉၉၅–၉၆ခုနှစ်ကပင် ဒီတောကြီးထဲ၌ လမ်းကြောင်းပေါ်သည်ထိအောင် ဖော်ထုတ်ပေးခဲ့သည်။ ဒီရေတောထဲ၌ လမ်းကြောင်းဖော်ထုတ်ပေးခဲ့ခြင်းကြောင့် ယခုကဲ့သို့ လမ်းကြီးဖော်ထုတ်ပေးနိုင်ခြင်းဖြစ်သည်။ လမ်းကြီးပေါ်ထွက်လာစေရန် မရှိမဖြစ်လိုအပ်သော လမ်းခင်းကျောက်များမှာ ဒေသရှိ ကျောက်ရောမြေ ချောင်းကျောက်များကို ပင်လယ်မြစ်လက်တက်ချောင်းများမှ ရှာဖွေလုပ်ဆောင်ကြသည်။

ရန်ကုန်–စစ်တွေလမ်းမကြီး အရှည်သည် မိုင် ၆၀၀ကျော်ရှိ၍ အမ်း–စစ်တွေသည် ၁၀၂မိုင်၊ အမ်းနှင့် မင်းဘူးသည် မိုင် ၆၀၊ မင်းဘူးနှင့် ဥသျှစ်ပင် ၁၃၅မိုင်နှင့် ဥသျှစ်ပင်– ပြည်–ရန်ကုန်သည် မိုင် ၁၀၀ကျော်ရှိသောကြောင့်



ရန်ကုန်–ကျောက်ဖြူလမ်းမကြီး မအီ–ကျောက်ဖြူအပိုင်း ၇၇မိုင်တွင်မအီ–မင်းကြောင်းအပိုင်း ၂၆ မိုင် တည်ဆောက်ရာ၌ မိုင် ၂၀ကို ပင်လယ်ဒီရေတက် ရွှံ့နွံတောများ ဖုံးလွှမ်းနေ၍ ကာလတို အတွင်း မြန်ဆန်စွာ ဖြတ်သန်းဖောက်လုပ်နိုင်ရေး ဦးစားပေး ဆောင်ရွက်ခဲ့ရ။

ဦးသန်းညွန့် – (ဒုတိယအင်ဂျင်နီယာမှူးကြီး)
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

မိုင် ၆၀၀ကျော်ရှိသည်။ ရန်ကုန်– စစ်တွေလမ်းကို ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဖွင့်ခဲ့သည်။ အမ်း–စစ်တွေသည် ၂၀၂မိုင်ရှိရာ ရန်ကုန်– စစ်တွေလမ်းမကြီးမှ စစ်တွေ၊ အမ်း၊ မင်းဘူး၊ မကွေး၊ မန္တလေးလမ်း၊ ရန်ကုန်–ကျောက်ဖြူလမ်းမှ ရန်ကုန်၊ ကျောက်ဖြူ၊ မအီ၊ တောင်ကုတ်၊ ပြည်သွားသည့် တောင်ကုတ်လမ်းမှ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်သို့ သွားနိုင်သည့်လမ်း၊ တောင်ကုတ်၊ သံတွဲ၊ ဂွ၊ ငသိုင်းချောင်းမှ ပုသိမ်– ရန်ကုန်လမ်း၊ ရန်ကုန်–စစ်တွေလမ်းမကြီးနှင့် ရန်ကုန်– ကျောက်ဖြူလမ်းမကြီးကို ပေါင်းဆုံပေးသော အမ်း–ပဒဲကော၊ မအီလမ်း၊ ၄၃မိုင်ရှည်သည့် စစ်တွေ၊ အမ်း၊ မအီ၊ တောင်ကုတ်၊ ငသိုင်းချောင်းလမ်းတို့ဖြင့် ရခိုင်ပြည်နယ်မှ မြန်မာနိုင်ငံတစ်ဝန်း အချိန်မရွေး သွားနိုင်ပြီဖြစ်သည်။

ရန်ကုန်–ကျောက်ဖြူလမ်းကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်မှုအရ ၂၀၁၀ပြည့်နှစ်တွင် ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ်ရောက်ရှိရန် ဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်–တောင်ကုတ်လမ်း၊ တောင်ကုတ်–မအီလမ်း၊ မအီ–မင်းကြောင်းလမ်း၊ မင်းကြောင်း–ကျောက်ဖြူလမ်းဟု ခွဲ၍ တာဝန်ခံ အင်ဂျင်နီယာမှူးကြီးများက လုပ်ဆောင်ကြမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မအီ–မင်းကြောင်းလမ်းသည် ယခင်အချိန်များက စိတ်ကူးပင်မရှိခဲ့သောလမ်းဖြစ်သည့်အလျောက် မအီ–မင်းကြောင်းလမ်းကို ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်ကလည်းကောင်း၊ မင်းကြောင်း–ကျောက်ဖြူလမ်းကို ကျောက်ဖြူခရိုင်အင်ဂျင်နီယာမှူး ဦးကြည်စိုးကလည်းကောင်း တာဝန်ယူလုပ်ကိုင်လျက်ရှိသည်။

နေ့မအား ညမနား

ရန်ကုန်–ကျောက်ဖြူလမ်းစီမံကိန်း၊ မအီ–မင်းကြောင်းလမ်းပိုင်းတွင် အမာခံလမ်းဖြစ်သည်အထိ နေ့မအား ညမနားဆောင်ရွက်လျက်ရှိသော ဒုတိယအင်ဂျင်နီယာမှူးကြီးဦးသန်းညွန့်အား မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းရာတွင် ရန်ကုန်–ကျောက်ဖြူလမ်းမကြီး၊ မအီ–ကျောက် ဖြူအပိုင်း ၇၇ မိုင်တွင် မအီ–မင်းကြောင်းအပိုင်း ၂၆ မိုင်တည်ဆောက်ရာ၌ ပင်လယ်ဒီရေတက် ရွှံ့နွံတောသည် မိုင်၂၀ပါဝင်ကြောင်း၊ ၎င်းရွှံ့နွံဆူးချုံမိုင်၂၀ကို ဒီရေများ ဖုံးလွှမ်းနေရာ ကာလတိုအတွင်း မြန်ဆန်စွာဖြတ်သန်း ဖောက်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရကြောင်း။

၎င်းတို့မှာ (၁)သွားရေးလာရေး လွယ်ကူမြန်ဆန်နိုင်မည့် အတိုဆုံးသော လမ်းအူကြောင်းရရှိရေး၊ (၂) ဒီရေတက်ရွှံ့နွံတောပေါ်တွင် မြေလမ်းခင်းနိုင်မည့် လမ်းခင်းနည်းပညာ ရှာဖွေဖော်ထုတ် စမ်းသပ်အသုံးပြုနိုင်ရေး၊ (၃) ဒီရေတက်ရွှံ့နွံတောတစ်လျှောက် အဝေးကုန်းမြေများမှာ မြေကောင်း မြေသန့်များ မြန်ဆန်စွာသယ်ပို့နိုင်ရေးအတွက် ဒီရေတက် မြစ်ချောင်းလက်တက်များကို ဖြတ်ကျော်နိုင်မည့် လုပ်ငန်းအစီအစဉ်များကြိုတင်တီထွင်ကြံဆ ဆောင်ရွက်ထားပေးရေး၊ (၄)လမ်းဖောက်ခြင်းနှင့်အတူ ချောင်းကျယ်၊ မြစ်ကျယ် ၁၀ ခု၌ အခိုင်အမာတံတားကြီးများ တည်ဆောက်နေသော်လည်း ကာလရှည်ကြာအချိန်ယူတည်ဆောက်ရဆဲ၌ပင် ၎င်းမြစ်ချောင်းများကို ကြိုတင်ဖြတ်ကျော်၍ အဝေးမှမြေများသယ်ပို့ လမ်းခင်းနိုင်ရေးနှင့် ဆက်သွယ်မှုခရီးလမ်း ကြိုတင်ပေါက်ရောက်စေကာ ဒေသခံပြည်သူများနှင့် လမ်းတံတား လုပ်ငန်းများအတွက် ထောက်ကူ ဆက်သွယ်မှုခရီးလမ်းကို ကြိုတင်အသုံးပြု လမ်းဖွင့်သွားရေး၊ (၅) လမ်းတံတား လုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သည့် ရေချိုများ ဂါလန်သန်းနှင့်ချီ၍ စုဆောင်းသုံးစွဲနိုင်ရေးအတွက် နည်းလမ်းရှာဖွေဖော်ထုတ်ရေးကို ဆောင်ရွက်ခဲ့ရကြောင်း။

ယခုအခါ ပြည်သူအများအသုံးပြုနိုင်သော အမာခံကျောက်ခင်းလမ်းဖြစ်သော်လည်း ကတ္တရာလမ်းခင်းရန် အတွက် ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ်တွင် လမ်းတာဒီရေအမြင့် သုံးပေအထက်ရောက်ရန် တတိယ နှစ်ပေလွှာဆက်လက်ခင်းမည်ဖြစ်ကြောင်း၊ ၎င်းအပေါ်တွင် အမာခံလမ်းအဆင့် ကျောက်ရောမြေ၊ ချောင်းကျောက်ခင်းခြင်း၊ ပေ ၁၀၀အောက် ကွန်ကရစ်တံတားသုံးစင်းနှင့် ကွန်ကရစ်ရေပြွန်ရှစ်စင်းတည်ဆောက်ခြင်း၊ ၂၀၁၀ပြည့်နှစ်ကုန်၌ တန် ၆၀ ခံ နှစ်လမ်းသွားအဆင့် တည်ဆောက်ပေးရန် ရည်မှန်းထားကြောင်းဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

မင်းကြောင်းလမ်း ဝမ်ဖိုက်ချောင်းတံတားတွင် တာဝန်ကျသည့် တံတားတည်ဆောက်ရေးလုပ်ငန်းအဖွဲ့မှ အမျိုးသမီး အင်ဂျင်နီယာနှစ်ဦးဖြစ်သော မသီရိတင်ဦးနှင့် မလှစောသိန်းတို့က "မိမိတို့ယခုလို ဝေးလံသည့်နေရာတွင် အလုပ်လုပ်ရသည့်အတွက် သဘောကျကြောင်း၊ ကျောင်းစနေကတည်းက သဘောကျခဲ့ရာ ယခုလို တောတောင်များတွင် အလုပ်လုပ်ရသည့်အတွက် ပျော်ရွှင်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

ငါးနှစ်စီမံကိန်း

ရန်ကုန်–ကျောက်ဖြူ (မင်းကြောင်း–ကျောက်ဖြူ)အပိုင်းတွင် တာဝန်ယူရသော ကျောက်ဖြူခရိုင် အင်ဂျင်နီယာမှူး ဦးကြည်စိုးအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းရာတွင် မင်းကြောင်း–ကျောက်ဖြူအပိုင်း နှစ်လမ်းသွား ကတ္တရာလမ်းအဆင့် တည်ဆောက်ခြင်း ငါးနှစ်စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

စီမံချက်အရ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ၈၃ မိုင် ၃ဖာလုံမှ ၉၇ မိုင် ၃ဖာလုံအတွင်း ၁၀ မိုင်၊ ၂၀၀၇– ၂၀၀၈ ခုနှစ်တွင် ၇၇ မိုင် ၃ ဖာလုံမှ ၈၇ မိုင် ၃ ဖာလုံအထိ ၁၀ မိုင်နှင့် ၂၀၀၈–၂၀၀၉ တွင် ၆၉ မိုင် ၃ ဖာလုံမှ ၇၇ မိုင် ၃ ဖာလုံအကြား ၈ မိုင်ကိုလည်းကောင်း ကျောက်ချောခင်းမည်ဖြစ်ကြောင်း၊ ၂၀၀၇–၂၀၀၈ တွင် ၁၂ ပေ အကျယ် ကျောက်ကတ္တရာ ခင်းခြင်းကို ဆောင်ရွက်ရန်လျာထားပြီး ၂၀၀၇–၂၀၀၈ ၌ ၈၃ မိုင် ၃ ဖာလုံမှ ၉၇ မိုင် ၃ ဖာလုံအတွင်း ၁၀ မိုင်ကိုလည်းကောင်း၊ ၂၀၀၈–၂၀၀၉ ခုနှစ်တွင် ၇၇ မိုင် ၃ ဖာလုံမှ ၈၇ မိုင် ၃ ဖာလုံအတွင်း ၁၀ မိုင်ကိုလည်းကောင်း၊ ၂၀၀၉–၂၀၁၀ ပြည့်နှစ်တွင် ၆၉ မိုင် ၃ ဖာလုံမှ ၇၇ မိုင် ၃ ဖာလုံ အတွင်း ၈ မိုင်ကိုလည်းကောင်း ကျောက်ကတ္တရာခင်းရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျောက်ဖြူမြို့၏ ပွိုင့်ကမ်းခြေအလှ

ကျောက်ဖြူမြို့၏ ပွိုင့်ကမ်းခြေအလှကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

လမ်းပခုံး တစ်ဖက် ၃ ပေ တည်ဆောက်ခြင်းကို ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ၂၂ မိုင် ၄ ဖာလုံ၊ ၂၀၀၇–၂၀၀၈ခုနှစ်တွင် ၁၀ မိုင်၊ ၂၀၀၈–၂၀၀၉ ခုနှစ်တွင် ၁၀မိုင်၊ ၂၀၀၉–၂၀၁၀ ပြည့်နှစ်တွင် ၈ မိုင် စုစုပေါင်း မိုင်၅၀ ၄ဖာလုံ ဆောင်ရွက်မည်ဖြစ်ကြောင်း။

၎င်းအပြင် ပေ ၁၀၀ အောက် သစ်သားတံတားများကို နှစ်လမ်းသွား ကွန်ကရစ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပေ ၅၀အောက် သစ်သားတံတား ၆၄ စင်း ပေရှည် ၉၃၈ ပေကို ၂၀၀၆–၂၀၀၇ မှ ၂၀၀၇–၂၀၀၈တွင် တစ်နှစ်လျှင် ၁၄ စင်းစီ ၂၈ စင်း၊ ၂၀၀၈–၂၀၀၉ တွင် ၂၂ စင်းနှင့် ၂၀၀၉–၂၀၁၀တွင် ၁၄ စင်းကိုလည်းကောင်း၊ ပေ ၅၀ အထက် ၃၂၆ ပေရှိ သစ်သားတံတား ခြောက်စင်းကို ၂၀၀၆–၂၀၀၇မှ ၂၀၀၈–၂၀၀၉ ခုနှစ်များတွင် တစ်နှစ်လျှင် နှစ်စင်းစီ ခြောက်စင်းကိုလည်းကောင်း၊ ၂၀၀၆–၂၀၀၇မှ ၂၀၀၀–၂၀၁၀နှစ်အထိ တစ်နှစ်လျှင် သံပေါင်တံတားတစ်စင်းစီ လေးစင်းကို ကွန်ကရစ် တည်ဆောက်ခြင်းပြုလုပ်ရန် စီမံလျာထားကြောင်းဖြင့် မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ဇူလိုင်၃ ရက်မှ စတင်၍ ရန်ကုန်မြို့မှ တောင်ကုတ်သို့လည်းကောင်း၊ တောင်ကုတ်မှ မအီစခန်းသို့ ဇူလိုင် ၅ ရက်တွင်လည်းကောင်း၊ ဇူလိုင် ၇ ရက်တွင် မအီစခန်းမှကျောက်ဖြူသို့လည်းကောင်း ခရီးဆက်ခဲ့ကြသည်။ ဇူလိုင် ၆ ရက်တွင် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်က မအီ–မင်းကြောင်းလမ်းခရီး လုပ်ငန်းဆောင်ရွက်ချက်များကို လိုက်လံပြသ ရှင်းလင်းသည်။ မအီစခန်းမှထွက်ပြီး ပင်လယ်ပြင်ဒီရေတောကိုဖြတ်၍ ရေပြင်ကို မြေပြင်ဖြစ်စေပြီး အမာခံလမ်းလုပ်ထားသော မအီ–စနဲလမ်းပိုင်း၌ ဒီရေတောရှုံ့နွံများဖြင့် တစ်ဖက်တစ်ချက် ကြွင်းကျန်နေသည့် ခရာဆူးတောများမြင်ကွင်းကို ပြသသည်။

ဖြေ ။ ။ဒီတံတားစကတည်းကဝင်တာပါ၊ တစ်နှစ်ကျော်သွားပါပြီ။

မြန်မာ့အလင်း ။ ။ဒီလိုဝေးလံခေါင်းပါးတဲ့ ဒေသမှာလာရောက် အလုပ်လုပ်ကြတာ ဘာခံစားမှုရှိလဲ။

ဖြေ ။ ။သမီးက ဒီလိုဝေးလံတဲ့ နေရာတွေမှာ လုပ်ရတာ သဘောကျတယ်။ ကျောင်းစနေကတည်းက သဘောကျခဲ့တာ၊ ဒီမှာတောတောင်များမှာ လုပ်ရတာ ပျော်ပါတယ်။

မေး ။ ။နာမည်ဘယ်လို ခေါ်ပါသလဲ။

ဖြေ ။ ။မသီရိတင်ဦးလို့ ခေါ်ပါတယ်။

မေး ။ ။ညီမက နာမည်ဘယ်လိုခေါ်ပါသလဲ။

ဖြေ ။ ။မလှစောသိန်းပါ။ ဒီတံတားတွေမှာ တစ်ခုပြီးတစ်ခု လုပ်ခဲ့တာ ဒီဝမ်ဖိုက်တံတားဟာ နောက်ဆုံးပါပဲ။ ကျွန်မက S.A.E အငယ်တန်း အင်ဂျင်နီယာ(၂)ဖြစ်ပါတယ်။

မေး ။ ။ဒီလမ်းတံတားမှာ လုပ်နေတဲ့ မိန်းကလေးတွေ ဘယ်နှဦးလောက် ရှိလဲ။

ဖြေ ။ ။ခြောက်ဦးရှိပါတယ်။ တာဝန်ခံအင်ဂျင်နီယာက အလုပ်တာဝန်ခွဲပေးပါတယ်။ သောက်ရေကအစ ခက်ခဲပါတယ်။ အစားအသောက်လဲ ဒီလိုပါပဲ။ ဒါပေမယ့် ဝါသနာအရ လုပ်တာဖြစ်လို့ ပျော်နေပါတယ်။ ကျောင်းဆင်းပြီးတော့ အလုပ်ဝင်လုပ်ကြတာ သူငယ်ချင်းတွေလေးယောက်လောက်ရှိပါတယ်။

မေး ။ ။မသီရိတင်ဦးက ဘာနဲ့ဘွဲ့ရသလဲ။

ယခင်အချိန်များက စိတ်ကူးပင်မရှိခဲ့သော မအီ–မင်းကြောင်းလမ်း ၂၀၁၀ပြည့်နှစ်ကုန်၌ တန် ၆၀ခံ နှစ်လမ်းသွားကတ္တရာခင်းရန် ရည်မှန်းထား

ကြွင်းကျန်ရစ်သော ရေငန်နှစ်သက်သည့် လမု၊ လတာ၊ မဒမ၊ ခရာ အပင်များကို ခုတ်ထွင်မပစ်ဘဲ ထားရသည်။ သို့မှသာ ပင်လယ်ရေတက်လာလျှင် ဒီရေရိုက်ခတ်ခြင်း ဒဏ်ကို လမ်းဘေးမရောက်စေရန် သစ်ပင်များဖြင့် ထိန်းထားနိုင်ရန် သဘာဝအတားအဆီးများ လုပ်ထားရကြောင်းဖြင့် ရှင်းပြသည်။

မြင်တွေ့လာ

မအီမှ မင်းကြောင်းအထိ လမ်းတစ်လျှောက်တွင် ရွာသစ်၊ အိမ်သစ်များကို တွေ့ရသည်။ ထိုရွာသူရွာသားများသည် လမ်းခရီးသွားလာမှု အဆင်ပြေ၍ လမ်းအဖွဲ့များတူးထားသော ရေချိုကန်များကြောင့် သောက်သုံးရေသာမက စိုက်ရေးပျိုးရေးအတွက်ပါ ပြည့်စုံနေသဖြင့် လယ်ယာစိုက်ခင်းများ စိုက်ပျိုးရန် ရှင်းလင်းထားသည်တို့ကို မြင်တွေ့ခဲ့ရသည်။

မအီ–မင်းကြောင်းလမ်း ဖောက်လုပ်ရာတွင် လမ်းမဖောက်နိုင်မီ ရေပေါ်တံတားများကို အသုံးပြုရာ၌ ရေပေါ်ဖောတံတား ဆိုက်ကပ်ရန် ဆောက်ထားသည့်တံတားများကိုလည်း ဖျက်မပစ်ရဘဲ ရေလမ်းသွားမော်တော်များ လူတင်လူချ၊ ကုန်တင်ကုန်ချအဖြစ် အသုံးပြုနိုင်ရန် ထားရှိသဖြင့် ဒေသခံ ပြည်သူများအတွက် အစစအဆင်ပြေ ချောမွေ့နေသည်ကို တွေ့မြင်ရသည်။

မအီ–မင်းကြောင်းလမ်း ဝမ်ဖိုက်တံတားသို့ ရောက်သောအခါ၌ တံတားလုပ်ငန်းအဖွဲ့မှအမျိုးသမီးနှစ်ဦးကိုတွေ့ရသည်။ ထိုအမျိုးသမီးနှစ်ဦးမှာ အင်ဂျင်နီယာအဖွဲ့မှဖြစ်ပြီး မြို့ရွာမနီးလမ်း၌ တာဝန်ထမ်းဆောင်နေကြောင်း သိရသဖြင့် မြန်မာ့အလင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မြန်မာ့အလင်း ။ ။တူမကြီးတို့က ဘယ်အဖွဲ့ကလဲ။

ဖြေ ။ ။လမ်းပိုင်းတံတားအဖွဲ့ကပါ။

မြန်မာ့အလင်း ။ ။ဒီမှာအလုပ်ဝင်တာ ဘယ်လောက်ကြာပြီလဲ။

ဖြေ ။ ။B.E (Civil) ပါ။ အလုပ်လုပ်ရတာ မရောက်ဖူးတဲ့ဒေသ ရောက်ရ၊ လုပ်ရတာ ပျော်တယ်။

မေး ။ ။ဘယ်အရပ်က လာအလုပ်လုပ်တာလဲ။

မသီရိတင်ဦး ။ ။သမီးမိဘတွေက ပဲခူးမှာပါ။

မလှစောသိန်း ။ ။ကျွန်မက ရန်ကုန်ကပါ၊ ရာထူးတိုးပြီး လာလုပ်ရတာပါ။

ကျွန်တော်တို့မေးနေချိန်မှာပင် မိုးရွာချလာသည်။ မိုးကလည်းရွာလိုက်၊ သည်းလိုက်၊ တိတ်လိုက်နှင့် ပြတ်သည်ဟုမရှိပါ။ ရခိုင်ပြည်နယ်သည် မိုးရွာသွန်းမှု မိုးရေချိန်များသည်အလျောက် လမ်းဘေးတစ်လျှောက် ရေတွေ ဖွေးဖွေးလှုပ်နေသည်။

ပြီးစီးနေ

ဝမ်ဖိုက်တံတားမှာ တည်ဆောက်မှုရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ ပေအရှည် ၈၂၇ ပေဖြစ်ပြီး ရေလယ်သံပေါင် ငါးခန်းနှင့် ဝဲယာချဉ်းကပ်ပေ၆၀ နှစ်ခန်းစီ ပါဝင်သည်။

ရန်ကုန်–ကျောက်ဖြူလမ်းကြီးတွင် ရာသီမရွေးသွားလာနိုင်ရမည်ဆိုသော ခံယူချက်ဖြင့် လမ်းတည်ဆောက်ရေးအဖွဲ့သည် မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းနေသည့်ကြားမှပင် အမာခံလမ်းမကြီးဖြစ်စေရန် ကျောက်များခွဲခြင်း၊ မိုးဒဏ်ကြောင့် ပေါက်ပြဲသောနေရာများကို ကျောက်များဖြည့်ပေးခြင်းများ ပြုလုပ်လျက်ရှိပြီး မိုးလေကင်းစင်သောအခါတွင် ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းခင်းနိုင်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ကွင်းဆင်းမေးမြန်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တောင်ကုတ်–ကျောက်ဖြူ ကားလမ်းတွင် မအီမြို့နယ်အပိုင်း၌ အမာခံလမ်း ခင်းကျင်းပြီးစီးမှုမြင်ကွင်းကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် မန္တလေးနှင့် ပဲခူးရေယာဉ်များ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းမှ လွန်းတင်ပြင်ဆင်ပေးနိုင်ခဲ့

ရန်ကုန် ဩဂုတ် ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း တန်ချိန် ၁၂၀၀၀ ရေလုံကျင်းသို့ ရောက်ရှိရာ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းနှင့် တာဝန်ရှိသူများက တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း၌ လွန်းတင်ပြင်ဆင်နေသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ကုန်တင်သင်္ဘော MV. Cosmic Master ကို ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်နှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ပြင်ဆင်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီရှိစေရေး မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ပေးမည်

MV. Cosmic Master သင်္ဘောသည် ဝန်ပြည့်တန်ချိန် ၁၀၂၉၀ တန်ရှိသော ရေယာဉ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ရေယာဉ်စစ်ဆေးရေးအဖွဲ့တစ်ခုဖြစ်သော Class NK ၏ စစ်ဆေးမှုဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည် ဖြစ်သည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် တန်ချိန် ၁၀၀၀၀ အထက် ရေယာဉ်ကြီးများဖြစ်ကြသည့်“မန္တလေး”၊“ပဲခူး” ရေယာဉ်များကို တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းမှ လွန်းတင်ပြင်ဆင်ပေးနိုင်ခဲ့ပြီး ယခု MV. Cosmic Master ရေယာဉ်သည် တတိယအစင်းအဖြစ် လွန်းတင်ပြင်ဆင်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှင်နန္ဒာစရိယ အထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၁လမ်း အိမ်အမှတ် ၆၀ လေးလွှာ သာသနာ့မိခင်ကြီး ဒေါ်အေးမြင့် ငါးနှစ်ပြည့် ရည်စူး၍ ကုသိုလ်ကောင်းမှုပြုအမျှအတန်းပေးဝေပွဲကို ကျန်ရစ်သူသားသမီးများက ဩဂုတ် ၂၂ရက်(ဝါခေါင်လကွယ်နေ့)တွင် ပြုလုပ်မည်ဖြစ်ပြီး ယင်းဒါနကောင်းမှုအစုစုအတွက် သွေးဆေးကန် အရှင်နန္ဒာစရိယ (သာသနဓဇ ဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယ)က ကျေးဇူးတော် ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ညနေ ၄ နာရီတွင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ဩဂုတ် ၁၅ရက် မိုးရွာသွန်းလေသမျှ

ဖျာပုံ	၇	ဒသမ	၇၂	လက်မ
ဝွမြို့	၇	ဒသမ	၀၉	လက်မ
မြိတ်မြို့	၅	ဒသမ	၉၈	လက်မ
ပုသိမ်	၅	ဒသမ	၆၇	လက်မ
ထားဝယ်	၄	ဒသမ	၀၅	လက်မ
ကော့သောင်း	၃	ဒသမ	၃၉	လက်မ
ကျောက်ဖြူ	၃	ဒသမ	၇၀	လက်မ
ရေးမြို့	၃	ဒသမ	၃၂	လက်မ
စစ်တွေ	၃	ဒသမ	၁၅	လက်မ
ကလေးမြို့	၂	ဒသမ	၇၁	လက်မ
ဟားခါး	၂	ဒသမ	၄၄	လက်မ
မုံရွာ	၁	ဒသမ	၃၃	လက်မ
ပခုက္ကူ	၀	ဒသမ	၂၀	လက်မ

ပညာ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာ

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်မှ (၁၉)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ဇူလိုင်လတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၂မှု ဖမ်းဆီးနိုင် တရားခံအမျိုးသားနှင့်အမျိုးသမီး ၄၂၄ဦးအားအရေးယူထား

ရန်ကုန် ဩဂုတ် ၁၅

၂၀၀၆ ခုနှစ် ဇူလိုင်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၂ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၅ မှု(အလေးချိန် ၂၃ ဒသမ ၅၈၉၁ကီလို)၊ ဘိန်းဖြူ ၁၁၁မှု (အလေးချိန် ဒသမ ၃၃၉၄ ကီလို)၊ ဘိန်းဆီခုနှစ်မှု (အလေးချိန် ဒသမ ၅၀၉၆ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၁မှု (အလေးချိန် ၁ ဒသမ ၇၉၄၇ ကီလို)၊ ဆေးခြောက်ရှစ်မှု(အလေးချိန် ဒသမ ၇၆၄၉ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၆ မှု(၄၀၁၆၆ ပြား)၊ စိတ်ကြွရူးသွပ်ဆေးမှုန့် အလေးချိန် ဒသမ ၀၀၁၁ ကီလို၊ ဘိန်းစာမှုန့် ရှစ်မှု(အလေးချိန် ၆ ဒသမ ၂၃ ကီလို)၊ ဒိုင်ယာဇီပင်ဆေးပြားတစ်မှု ပြား၅၀၀၀၊ မှတ်ပုံတင်ပျက် သုံးမှု၊ အခြားအမှု ၁၂ မှု ဖမ်းဆီးရမိခဲ့သည်။

အရေးယူခဲ့

၂၀၀၆ခုနှစ် ဇူလိုင်လတွင် အမှုပေါင်း၂၆၂မှု ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား ၃၆၃ ဦး၊ တရားခံမျိုးသမီး ၆၁ ဦး စုစုပေါင်း တရားခံ ၄၂၄ဦးတို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စားသုံးဆီဖူလုံပိုလျှံဖို့ မြေပဲစိုက်ကြစို့

မောင်ဝ
(စိုက်ပျိုးရေး)

လူသားတို့၏ စားဝတ်နေရေး အရေးသုံးပါးပါဝင်သော စီးပွားရေးအခြေခံကောင်းပါမှ ယင်းအပေါ်တိုက်ရိုက်မှီတွယ်နေရသည့် လူမှုရေးဘဝမြင့်တက်လာနိုင်ပေမည်။

မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လယ်ယာလုပ်ငန်းအပေါ် အခြေခံထားသည်။လယ်ယာကဏ္ဍတွင် စိုက်ဧရိယာ တိုးချဲ့ဆောင်ရွက်ခြင်း၊ အထွက်နှုန်းကောင်းအောင် ဆောင်ရွက်ခြင်းအပြင် ရေရှည်တွင် ပိုမိုကောင်းသထက်ကောင်းအောင် သုတေသနလုပ်ငန်းများ ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာကဏ္ဍကို အစဉ်တစိုက် ဦးစားပေး ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ အကျိုးဆက်အားဖြင့် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေးသုတေသနဌာနကြီး တည်ထောင်ပေးခဲ့ပြီး မျိုးသစ်များ ထုတ်လုပ်ဖြန့်ဖြူး စိုက်ပျိုးစေခဲ့သဖြင့် သီးနှံများအထွက်နှုန်း မြင့်တက်လာခြင်းပင် ဖြစ်ပါသည်။ အထွက်နှုန်းမြင့်လာခဲ့သည့် နည်းတူ စိုက်ဧရိယာများမှာလည်း တိုးတက်လာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများအဖြစ် စိုက်ပျိုးလျက်ရှိသော သီးနှံများမှာ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်း၊ ဆူးပန်း၊ ပဲပုပ်တို့ဖြစ်ကြပါသည်။ ယင်းတို့အနက် မြေပဲနှင့် နှမ်းကိုအများဆုံး စိုက်ပျိုးကြကြောင်း တွေ့ရပါသည်။ သို့သော်မြေပဲမှာ အထွက်နှုန်း ပိုမိုလာသဖြင့် ပိုမိုတွက်ခြေကိုက်လာကြောင်း တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် လူတစ်ဦးတစ်နှစ်လျှင် ဆီစားသုံးမှုနှုန်းမှာ ပျမ်းမျှ ၆ပိဿာခန့် စားသုံးသည်ဖြစ်၍ လက်ရှိလူဦးရေအတွက် စားသုံးဆီပိဿာ ၃၂၄ သန်း (တန် ၀ ဒသမ ၅၃ သန်း) လိုအပ်သည်ဖြစ်ရာ မြန်မာနိုင်ငံတွင် စိုက်ပျိုးသည့် ဆီထွက်သီးနှံများ၏ ၂၀၀၄–၂၀၀၅ခုနှစ်တွင် ဆီထွက်ရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	သီးနှံအမည်	စုစုပေါင်း အထွက်တင်း	မျိုးအလေအလွင့်၊ အခြားသုံးပေါင်း	ဆီကြိတ်ရန် ကျန်တင်း	ဆီထွက် ပိဿာ	ဆီထွက် မက်ထရစ်တန်
၁	မြေပဲပေါင်း	၈၃၄၄၈၉၆၃	၁၈၄၈၉၄၄၄	၆၄၉၅၉၅၁၉	၁၂၉၉၁၉၀၃၈	၂၁၂၁၁၂
၂	နှမ်းပေါင်း	၂၂၁၀၇၄၂၂	၂၀၀၉၅၆၉	၂၀၀၉၇၈၅၃	၁၂၀၅၈၇၁၁၈	၁၉၆၈၇၇
၃	နေကြာပေါင်း	၂၆၅၁၉၈၈၀	၂၁၇၅၂၄၄	၂၄၃၄၄၆၃၆	၆၀၈၆၁၅၉၀	၉၉၃၆၆
၄	မုန်ညင်း	၁၆၅၉၆၄၄	၁၅၇၇၉၂	၁၅၀၁၈၅၂	၇၅၀၉၂၆၀	၁၂၂၆၀
၅	ပန်းနှမ်း	၂၁၂၆၁၃၄	၁၈၃၃၆၃	၁၉၄၂၇၇၁	၁၀၆၈၅၂၄၁	၁၇၄၄၅
	စုစုပေါင်း				၃၂၉၅၆၂၂၄၇	၅၃၈၀၆၀

အထက်ပါဇယားကို ကြည့်ပါက မြေပဲသည် စိုက်ပျိုးထုတ်လုပ်မှု အများဆုံးဖြစ်၍ ဆီထွက်ရှိမှု အများဆုံးဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ မြေပဲကို ပိုမိုစိုက်ပျိုးလာရခြင်းမှာ မြေပဲဆီကို ကလေး၊ လူကြီးမရွေး ကြိုက်နှစ်သက်ကြပြီး ကျန်းမာရေးအတွက် စားသုံးရန် အသင့်တော်ဆုံးဖြစ်ခြင်း၊ ဘက်စုံအသုံးပြုနိုင်ခြင်း၊ မျိုးစေ့နှင့်စိုက်ပျိုးကုန်ကျစရိတ်များသော်လည်း ရရှိမည့် အကျိုးအမြတ်မှာ အခြားသီးနှံများထက် ပိုမိုရရှိခြင်းတို့ကြောင့် ဖြစ်သဖြင့် ယခု ကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်အရ တွက်ခြေအကိုက်ဆုံး သီးနှံများတွင် အပါအဝင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေပဲကို အင်နှင့်အားနှင့် တိုးချဲ့စိုက်ပျိုးကြလျက်ရှိပါသည်။

စိုက်ပျိုးရေး သုတေသနမှ မျိုးသစ်များ ထုတ်လုပ်ပေးသဖြင့် အထွက်နှုန်းသိသိသာသာ တိုးတက်လာသည့် သီးနှံများတွင် မြေပဲလည်းအပါအဝင် ဖြစ်ပါသည်။ မြေပဲအနေဖြင့် ၁၉၉၈–၉၉ ခုနှစ်တွင် တစ်ဧကအထွက်နှုန်း ၄၀ ဒသမ ၈တင်းရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် တစ်ဧကအထွက်နှုန်း ၅၀ ဒသမ ၇၉တင်းအထိ တိုးတက်ထွက်ရှိခဲ့ပါသည်။

မြေပဲ သုတေသနလုပ်ငန်းကို ၁၉၄၆ ခုနှစ်မှ စတင်၍ မကွေးစိုက်ပျိုးရေးခြံ၌ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ် ရေဆင်းဇယို စိုက်ပျိုးရေးသုတေသန၌ ဆီထွက်သီးနှံဌာန တစ်ခုအဖြစ် ဝန်ထမ်းအင်အား တိုးချဲ့ဖွဲ့စည်းပြီး မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းနှင့် ဆူးပန်းသုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကွဲပြားခြားနားသည့် ရေမြေဒေသ ရာသီဥတုအလိုက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းသည့် ဆီထွက်သီးနှံမျိုးသစ်များ ထုတ်လုပ်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ပါသည်။

မြေပဲမျိုးများ ထုတ်လုပ်ရာတွင် သက်လျင်အထွက်ကောင်းမျိုးများ၊ ပိုးမွှားရောဂါဒဏ်ခံ မျိုးများ၊ ရေငတ်ခံမျိုးများနှင့် အထွက်ကောင်း အစေ့စားမျိုးများရရှိရန် ဆောင်ရွက်လျက် ရှိပါသည်။ မြေပဲမျိုးသစ်များ ရရှိရန်အတွက် ပြည်တွင်းပြည်ပမျိုးများ စမ်းသပ်ခြင်း၊ မျိုးကူးစပ်ရွေးချယ်ခြင်း၊ ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိမှုစမ်းသပ်ခြင်းများကို ရေဆင်းဇယိုစိုက်ပျိုးရေးသုတေသန၊ မကွေး၊ ညောင်ဦး၊ မြင်းခြံ သုတေသနခြံများနှင့် တောင်သူ စိုက်ကွက်များတွင် ဆောင်ရွက်လျက်ရှိပါသည်။ ထုတ်ဝေပြီးသော မြေပဲမျိုးများမှာ ဆင်းပဒေသာ–၁၊ ဆင်းပဒေသာ–၂၊ ဆင်းပဒေသာ–၅၊ ဆင်းပဒေသာ–၆၊ ဆင်းပဒေသာ–၇ မျိုးများဖြစ်ပါသည်။ ယင်းတို့အနက် ဆင်းပဒေသာ–၅၊ ဆင်းပဒေသာ–၆၊ ဆင်းပဒေသာ–၇ နှင့် SP-121 မျိုးသစ်များကို တောင်သူများအကြိုက် နှစ်သက်ကြသဖြင့် စုစုပေါင်းမြေပဲစိုက်ဧရိယာ၏ ၃၅ ရာခိုင်နှုန်းကျော် စိုက်ပျိုးကြပါသည်။ ယင်းတို့၏ အရည်အချင်း လက္ခဏာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	မြေပဲမျိုး အမည်	အသက် ရက်	အပင် ပုံစံ	တစ်တောင့်ရှိ အစေ့	အဆံထွက် ရာနှုန်း	ဆီထွက် ရာနှုန်း	တစ်ဧက အမြင့်ဆုံး အထွက် (တင်း)	ထူးခြားချက်
၁	မျိုးသစ်များ ဆင်းပဒေ သာ–၅	၁၂၀	ပင်ထောင်	၁–၃	၆၅–၆၈	၅၁	၈၂	ရောဂါဒဏ်ခံနိုင်
၂	ဆင်းပဒေ သာ–၆	၁၀၅–၁၁၅	ပင်ထောင်	၂	၇၄	၄၉–၅၁	၇၇	ရေငတ်မှုအသင့် အတင့်ခံနိုင်
၃	ဆင်းပဒေ သာ–၇	၉၀–၉၅	ပင်ထောင်	၂	၇၄	၄၀–၅၀	၁၀၇	အထွက်ကောင်း

အထက်ပါ စိုက်ပျိုးရေးသုတေသနဌာနမှ မျိုးများ ထုတ်ဝေဖြန့်ဖြူးမှုကြောင့် တောင်သူများတိုးချဲ့စိုက်ပျိုးလာခြင်း၊ နည်းပညာ ပြောင်းလဲ၍ တစ်ဧက အပင်ဦးရေ ပြည့်မီအောင် စိုက်ပျိုးနိုင်ခြင်း၊ ဈေးကောင်းရလာသဖြင့် ကိုင်းကျွန်းမြေများ၌ တိုးချဲ့စိုက်ပျိုးလာခြင်း၊ မြေပဲတောင့်ကို အောင်မြင်စေသောကျောက်မှုန့် မြေဩဇာသုံးစွဲလာခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရန် လိုအပ်မှု သိရှိလာပြီး ယခင်ကထက် ပိုမိုဆောင်ရွက်လာခြင်းတို့ကြောင့် အထွက်နှုန်း သိသိသာသာ တိုးတက်လာခြင်းဖြစ်ပါသည်။ ၂၀၀၅–၂၀၀၆ခုနှစ်၏ စိုက်ပျိုးထွက်ရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

အကြောင်းအရာ	စိုက်ဧက	ရိတ်ဧက	အထွက်နှုန်း (တင်း/ဧက)	အထွက်တင်း
မိုးမြေပဲ	၇၉၇၆၇၇	၇၉၇၅၁၅	၄၂ ဒသမ ၆၂	၃၃၉၈၈၂၄၂
ဆောင်းမြေပဲ	၁၀၀၇၂၅၁	၁၀၀၇၂၅၁	၅၇ ဒသမ၂၅	၅၇၇၆၆၈၅၅
စုစုပေါင်း	၁၈၀၄၉၂၈	၁၈၀၄၇၆၆	၅၀ ဒသမ၇၉	၉၁၆၅၅၀၉၇

မြေပဲအထွက်တိုးရေးအတွက် ဆောင်ရွက်ရမည့် နည်းပညာပေးအချက်များမှာ–

(၁) မြေပဲကို မစိုက်ပျိုးမီ လုံးပိန်လုံးညှပ်များကို သန့်စင်ဖယ်ရှားပြီး မျိုးစေ့ကောင်းများကို မျိုးအဖြစ် သုံးစွဲရန်နှင့် အရည်အသွေးကောင်းပြီး အပင်ပေါက် ၈၀ရာခိုင်နှုန်း အထက်ရှိသော မျိုးစေ့များကို မျိုးအဖြစ်သုံးရန်၊

(၂) တင်း၅၀နှင့်အထက်ထွက်ရှိရန် ရိတ်သိမ်းမည့် အပင်ဦးရေ တစ်သိန်းရရှိရန်အတွက် မျိုးစေ့ချရာတွင် တစ်စေ့နှင့်တစ်စေ့ အကွာအဝေး ညီညာမှုရှိစေရန်နှင့် မျိုးစေ့များကို တစ်နေရာတည်း စုပုံမကျစေရန်၊

(၃) စိုက်ကြောင်း အတိမ်အနက် ၁ဒသမ ၅ လက်မမှ ၂လက်မအတွင်း အစိုဓာတ်မီအောင် စိုက်ပျိုးရန်၊

(၄) မြေပဲမျိုးစေ့ကို ပဲမြစ်ဖု ဇီဝမြေဩဇာနှင့် ရောနှော၍ စိုက်ပျိုးရန်၊

(၅) လချေးမှုန့်ကို မြေပဲသက်တမ်း ၄၅ ရက်သားခန့် အစိုဓာတ်ရှိချိန်တွင် တစ်ဧက အတွက် ပေါင် ၂၀၀ မှ ၂၅၀ ထိ ထည့်သွင်းရန်၊

(၆) ယူရီးယား ကီလို ၅၀ အိတ်ဝက်၊ တီဆူပါ ကီလို ၅၀ အိတ်တစ်အိတ်နှင့် ပိုတက် ကီလို ၅၀ အိတ် လေးပုံတစ်ပုံ ထည့်သွင်းရန်၊

(၇) မြေအချဉ်အငန်ဓာတ် ၅ဒသမ ၀ မှ ၅ဒသမ ၅ အတွင်းရှိ မြေအမျိုးအစားဖြစ်ပါက ဇီဝ စူပါရွက်ဖျန်းမြေဩဇာအရည် သုံးကြိမ်မှ ငါးကြိမ်အထိ ပက်ဖျန်းရန်၊

(၈) မြေပဲသက်တမ်း ၄၅ ရက်တွင် ပေါင်းမြက် ကင်းစင်ရေး ဂရုပြုရန်၊

(၉) မြေပဲ အပင်ငယ်စဉ် ကျရောက်လေ့ရှိသော မြစ်ပုပ်၊ ခါးရိ၊ အစေ့ပုပ်ရောဂါများ၊ ရွက်ပြောက်ရောဂါနှင့် ပိုးမွှားများကို ကာကွယ်နှိမ်နင်းရန်၊

(၁၀) မျိုးမြေပဲအဖြစ် စိုက်ကွက်မှပြန်လည် အသုံးပြုမည်ဆိုပါက မျိုးမြေပဲ သိုလှောင်ရာတွင် အစိုဓာတ် ၆ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ လျှော့ချပြီး လေလုံအောင် သိမ်းဆည်းသိုလှောင်၍ မျိုးအဖြစ်ပြန်လည် အသုံးပြုရန်

တို့ကို တောင်သူများ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ ထုတ်ဝေဖြန့်ဖြူးသည့် အထွက်ကောင်း မြေပဲမျိုးများဖြင့် မျိုးလဲလှယ်၍ အထွက်တိုးအောင် စိုက်ပျိုးပြီး ပြည်တွင်း စားသုံးဆီဖူလုံပိုလျှံအောင် စိုက်ပျိုးကြပါဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ စာရေးကိရိယာနှင့် အလှူငွေပေးအပ်၊ အာဟာရကျွေးမွေး

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ စာရေးကိရိယာများ၊ အလှူငွေပေးအပ်ခြင်းနှင့် အာဟာရကျွေးမွေးခြင်းအခမ်းအနားကို ဩဂုတ် ၁၀ ရက်က မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် အမက(၃၇) တွင် ကျင်းပသည်။

ကျွေးမွေး

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က အမကကျောင်း ၁၈ကျောင်းသို့ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပြီး အမက(၃၇)မှ ကျောင်းသား ကျောင်းသူများအား အာဟာရများကျွေးမွေးကြသည်။

လှူဒါန်း

ထို့နောက် ဦးသိန်းမောင်–ဒေါ်ပါးပါးတို့အားအမှူးထား၍ ဦးတင်မောင်–ဒေါ်မီမီအောင်၏ သား မောင်မျိုးမင်းထွဋ် မွေးနေ့အတွက် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေကျပ် ၁၅၇၁၂၂၀ ကိုပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ဝဲပုံ)** **(က–ပ)**

ဩဂုတ် ၁၄ ရက်က တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေး ဟောပြောပွဲကို မြတ်ပန်းသဇင်ခန်းမတွင် ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာဦးအောင်သန်း ဟောပြောစဉ်။ (က–ပ)

● ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် ပဲခူးမြို့နယ် အင်းတကော်ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့် မျိုးပွားခြံသို့ ရောက်ရှိကြရာ ရှေးဦးစွာ ခြံမန်နေဂျာ ဦးလှမိုးအောင်က သုတေသနနှင့် မျိုးပွားခြံ ရော်ဘာစိုက်ပျိုးမှု၊ အစေးလှီးမှု၊ ရော်ဘာပျိုးထောင်ခြင်းလုပ်ငန်းများနှင့် လမ်းတိုရော်ဘာအားဖြည့် အစေးလှီးစနစ်ကို စမ်းသပ်သုတေသနပြုဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ Paing and Paing ကုမ္ပဏီလီမိတက်မှ ဦးဖုန်းနိုင်က လမ်းတိုရော်ဘာ အားဖြည့်နည်းစနစ်ကို စမ်းသပ်သုတေသနပြုနိုင်ရန် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်းကောင်း၊ Paing and Paing ကုမ္ပဏီလီမိတက်မှ လက်ထောက်မန်နေဂျာ ဒေါ်နန်းဇာလီမြင့်က ရော်ဘာအထွက်နှုန်းကောင်းမွန်မှု၊ ကုန်ကျမှုစရိတ်နှင့် အကျိုးအမြတ် ရရှိနိုင်မှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပဲခူးတိုင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်စိုးက ပဲခူးတိုင်းအတွင်း ပုဂ္ဂလိကများ၏ ရော်ဘာတိုးချဲ့စိုက်ပျိုးမှု အခြေအနေ၊ တိုင်းအတွင်းရော်ဘာ ၅၉၁၀၆ ဧက စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးပင်စိုက်ပျိုးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပဲခူးတိုင်းအတွင်းရှိ ရော်ဘာခြံလုပ်ငန်းရှင်များကိုယ်စား ကိုယ်စားလှယ် တစ်ဦးက ရော်ဘာခြံလုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူးတို့က ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လျာထားဧက အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားကြရန်၊ မြေခွဲဝေချထားမှုတို့နှင့် စပ်လျဉ်း၍ သေချာစွာ စိစစ်ဆောင်ရွက်ရေးနှင့် ရော်ဘာခြံလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားကာ ရော်ဘာပျိုးခင်းများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လက်တွေ့သရုပ်ပြသ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရော်ဘာအားဖြည့်အစေးလှီးစနစ် လက်တွေ့သရုပ်ပြသမှုတို့ကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း ဒိုက်ဦးမြို့သို့ ရောက်ရှိပြီး ကောလိယခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ဒိုက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်စိန်က ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒိုက်ဦးမြို့နယ်သည် ဒေသဝမ်းစာဖူလုံသည့် မြို့နယ်ဖြစ်ပြီး အဓိကသီးနှံ ၁၀ မျိုး၊ အမယ်သစ်သီးနှံ ဧရတ်ကောင်း၊ နှစ်ရှည်သစ်ဆိမ့်နှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုတို့တွင် အခြေအနေကောင်းများ ရရှိနေပြီ ဖြစ်ရာ တိုးတက်စိုက်ပျိုးကြမှသာ မိမိတို့မြို့နယ်ဖွံ့ဖြိုးမှု ဆက်လက်ရှင်သန်နေမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဇီဝလောင်စာဆီအစားထိုးထုတ်လုပ်နိုင်မည့် ခြံစည်းရိုးကြက်ဆူပင်ကို အမျိုးသားရေးတာဝန်အဖြစ် ခံယူစိုက်ပျိုးကြရန်လိုကြောင်း၊ ပဲခူးတိုင်းအတွင်း ယခုနှစ်တွင် မိုးစပါးဧက သိန်း ၃၀ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ ဒိုက်ဦးမြို့နယ်သည် ဘဲမွေးမြူရေးတွင် နာမည်ကြီးသကဲ့သို့ ဒေသကြက်မွေးမြူရေးကိုလည်း အလားတူဖြစ်စေရေး ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံတော်က ဒိုက်ဦး–စစ်တောင်းကားလမ်း ဖောက်လုပ်ထားရှိပြီး ကားလမ်းနှင့်အပြိုင် ရထားလမ်းကိုဖောက်လုပ်လျက်ရှိရာ အထက်မြန်မာနိုင်ငံမှ ကုန်စည်နှင့်ခရီးသည်များသည် မော်လမြိုင်–ရေး–ထားဝယ်သို့ သွားပါက ဘုရားကြီး၊ ပဲခူးတို့သို့ ဝင်ရောက်ခြင်းမပြုရဘဲ ကားလမ်းအနေဖြင့် ၂၃ မိုင်ခန့်၊ ရထားလမ်းအနေဖြင့် မိုင် ၄၀ခန့် လျော့နည်းသွားပြီး အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ကာ ဒိုက်ဦးမြို့သည်လည်း လမ်းခွဲလမ်းဆုံမြို့အဖြစ် ပိုမိုစည်ကားဖွံ့ဖြိုးတော့မည်ဖြစ်ကြောင်း၊ မြို့ရွာ ဖွံ့ဖြိုးရုံမက နယ်မြေအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးမှာလည်း လိုအပ်ချက်တစ်ရပ်ဖြစ်ရာ ဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းလက်တွဲပြီး မြို့နယ်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် တောင်ငူမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သူရ ၂လမ်း အမှတ် ၅၂၈နေ ဒေါ်ယဉ်နု၊ ညီမ ဒေါ်ခင်စု၊ သမီး မမြင့်မြင့်အေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူတော် ငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေးပညာပေး မော်တော်ယာဉ်များ စနစ်တကျ မောင်းနှင်ပြေးဆွဲရေးကြပ်မတ်

ရန်ကုန် ဩဂုတ် ၁၅

ရှမ်းပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၀ရက်က တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေး တက်ရောက် အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ညွှန့်ဝင်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်တိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်ပွားမှု ကျဆင်းရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးက တင်ပြချက်များနှင့် ပတ်သက်၍ ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး စည်းကမ်းသည် လူ့တန်ဖိုးဖြစ်သည်၊ နေရာတိုင်းတွင် စည်းကမ်းသတ်မှတ်ချက်များရှိသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ယာဉ်မောင်းများ၊ အများပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိကျစွာ လိုက်နာရေးအတွက် ပညာပေးခြင်းကဏ္ဍနှင့် မော်တော်ယာဉ်များ စနစ်တကျမောင်းနှင်ပြေးဆွဲကြပြီး ယာဉ်တိုက်မှုတဖြည်းဖြည်း လျော့နည်းကျဆင်းအောင် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တောင်ကြီးမြို့ပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်သော ပညာပေးဆိုင်းဘုတ်များ၊ မီးပွိုင့်များ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောက်တိုဘာတွင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၀၆ခုနှစ် အောက်တိုဘာ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလတွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် သင့်လျော်မည့် အခြေခံရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် ရောင်းရငွေများ တိုးတက်ရရှိမည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် အရည်အသွေး ကောင်းမွန်သည့် ကျောက်မျက်ရတနာများကို ဝယ်ယူမှုများပြားသဖြင့် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေး ကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ် တင်ပြရောင်းချရန် အထူးလိုအပ်သည်။

ပူးပေါင်းညှိနှိုင်း

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ယခင်ကျောက်မျက်ရတနာပြပွဲများနည်းတူ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ(Export Earning) အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့ပြင် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ အများအပြား တက်ရောက်ဝယ်ယူနိုင်စေရန် ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ပြည်တွင်း ရတနာကုန်သည်ကြီးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်ဆောင်ရွက်

၂၀၀၆ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ဩဂုတ် ၁၆ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ရာ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၁၆–၈–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အုံ့မခန်း ဖူးတွေ့စရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ
၇:၂၀	တေးဂီတအစီအစဉ်
၇:၃၅	နိုင်ငံတကာ အနုပညာရေးရာ
၈:၀၀	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	မြန်မာစာ၊ မြန်မာစကား(၃)
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	Music Gallery (စိုင်းစိုင်းဟုခေါ်သည်)
၉:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၅	မီးအပူပေးပြုပြင်ခြင်း နည်းပညာ
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	မိုးလေဝသခန့်မှန်းချက်
၉:၃၀	ကလေးတို့အတွက် လက်ဆောင် (ယုန်နှင့် ဖဲပြား ရုပ်ခေါက်နည်း)
၉:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၀	မှုးယစ်ဟူက တိုက်ဖျက်ကြ
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅	နွယ်မြက်သစ်ပင် ဆေးဖက်ဝင် (သဘော်ပင်)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	Myanmar Video Rhythm
၁၁:၂၅	မေးကြည့် ဖြေကြည့် ပဟေဠိ (ထွန်းထွန်း၊ မျိုးစန္ဒီကျော်)
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	လက်ယှက်သစ်ချောင်းပုံဖော် သစ်ထုတ်လုပ်မှုလုပ်ငန်း
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

International Friendlies ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁:၃၀	England-Greece	5-Sports (Live)

အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း(၂/၂၀၀၆)ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၀၆)ကို အခြေခံသင်တန်းဆင်းပြီး သင်တန်းသားသင်တန်းသူ ၅၀ ဖြင့် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၂၃ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း (တနင်္ဂနွေမပါ) ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ် ၇၀၀၀ စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၈၀၀၀ စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးတယ်လီဖုန်းအမှတ် ၃၇၈၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။

(၃၀၈)

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရား တိုရွန်တိုမာစတာဖလား ဒုတိယအကြိမ်ဆွတ်ခူး

ရေးသားတင်ပြသူ
မြင့်မောင်စိုး

အော့တဝါ ဩဂုတ် ၁၅

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ကျင်းပသော တိုရွန်တိုမာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရားက ရစ်ချတ်ဂတ်စကွက်ကို ၂–၆၊ ၆–၃၊ ၆–၂ဖြင့် နိုင်ပြီး သုံးနှစ်အတွင်း ဒုတိယအကြိမ်မြောက် တိုရွန်တိုမာစတာဖလား ဆွတ်ခူးသွားနိုင်ခဲ့သည်။

ဖက်ဒရားသည် ၂၀၀၁ခုနှစ်က အဆိုပါဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ သို့ရာတွင် ယမန်နှစ်က ၎င်းဖလားကို ဖက်ဒရားအနေဖြင့် ကာကွယ်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ဆွတ်ခူး

ဖက်ဒရား **(ယာပုံ)** ယခုဆွတ်ခူးလိုက်သော ဖလားသည် တင်းနစ်ကစားသမား သက်တမ်းတစ်လျှောက် အလုံး ၄၀မြောက် ဆွတ်ခူးနိုင်သည့် ဖလားဖြစ်ပြီး ၁၁လုံးမြောက် မာစတာ စီးရီးဖလားလည်း ဖြစ်သည်။

အဆိုပါ ဆွစ်ဇာလန်တင်းနစ်အကျော်သည် ၅၄ပွဲ ဆက်တိုက် အနိုင်ရခဲ့ပြီး ၂၀၀၁ခုနှစ်ကစပြီး မြောက်အမေရိကတွင် ကိုးကြိမ်မြောက် ချန်ပီယံဖြစ်ခဲ့သူလည်း ဖြစ်သည်။

ဂတ်စကွက်သည် အဆိုပါပြိုင်ပွဲတွင် နှစ်ပေါင်း ၁၂၅နှစ်အတွင်း ပထမဆုံးသောပြင်သစ်နိုင်ငံမှ ဖလားဆွတ်ခူးနိုင်သူဖြစ်ရန် ကြိုးစားသော်လည်း အရာမထင်ဖြစ်ခဲ့သည်။

(အင်တာနက်)

လီဗာပူး – မက္ကာဘီ ချန်ပီယံလိဂ်ပွဲ ဒီနာမိုကီယက်ဗ်ကွင်း၌ ကစားမည်

လီဗာပူးအသင်း နည်းပြ ဘင်နီတက်ဇ်။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဩဂုတ် ၁၅

လီဗာပူးအသင်း၏ ချန်ပီယံလိဂ် တတိယဆင့် ဒုတိယအကျော့ပွဲစဉ်ကို အစ္စရေးအသင်း မက္ကာဘီဟိုင်ဖာအသင်းနှင့် ယှဉ်ပြိုင်ကစားရန် ယူကရိန်းနိုင်ငံမှ ကီယက်ဗ်အသင်းက သဘောတူလက်ခံအတည်ပြုလိုက်ကြောင်း သိရသည်။

ပြောင်းရွှေ့ကစား

ယင်းပွဲစဉ်ကို ဩဂုတ် ၂၂ရက်တွင် ကျင်းပမည်ဖြစ်ရာ အစ္စရေးနိုင်ငံသို့ လီဗာပူးအသင်းက အဝေးကွင်းသွားရောက်ကစားရမည်ဖြစ်သော်လည်း အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ယူကရိန်းနိုင်ငံ၌ ပြောင်းရွှေ့ကစားခြင်းဖြစ်ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကပြောကြားသည်။ လီဗာပူးအသင်းသည် ပထမအကျော့ အိမ်ကွင်း၌ မက္ကာဘီအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

(အင်တာနက်)

အက်စ်တွန်ဗီလာအသင်းကို ကန်သူဌေး ဝယ်ယူလိုက်ပြီ

လန်ဒန် ဩဂုတ် ၁၅

အက်စ်တွန်ဗီလာအသင်း ဘုတ်အဖွဲ့က အမေရိကန်သန်းကြွယ်သူဌေး ရန်ဒီလာနာထံမှ အသင်းလွှဲပြောင်းရေးအတွက် ပေါင်ငွေ ၆၂ ဒသမ ၆ သန်းကို လက်ခံလိုက်ပြီဖြစ်သည်။

ဖော်ပြ

အက်စ်တွန်ဗီလာအသင်း ပိုင်ဆိုင်သော အစုရှယ်ယာ ၅၆ ဒသမ ၈၅ ရာခိုင်နှုန်းကို လာနာက ပိုင်ဆိုင်သွားပြီဖြစ်ကြောင်း အဆိုပါ ကလပ်အသင်း၏ စတော့အိတ်ချိန်း ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဆက်သွယ်

အဆိုပါကလပ်အသင်းအား ဝယ်ယူရန် ကုမ္ပဏီအဖွဲ့အစည်း လေးခုက လာရောက်ဆက်သွယ်ခဲ့သည်။ သို့ရာတွင် အက်စ်တွန်ဗီလာအသင်း ဘုတ်အဖွဲ့က အစုရှယ်ယာများကို ဝယ်ယူရန် လာနာ၏ ၄၄နှစ်ကြာ ကမ်းလှမ်းချက်ကိုသဘောတူ လက်ခံလိုက်သည်။

အသက်၈၂နှစ်ရှိသော ဒေါက်အဲလစ်သည် အက်စ်တွန်ဗီလာအသင်း ဥက္ကဋ္ဌတာဝန်ကို ၁၉၆၈ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ တာဝန်ယူခဲ့သည်။

အက်စ်တွန်ဗီလာအသင်း ပိုင်ဆိုင်သော အစုရှယ်ယာများကို ဝယ်ယူလိုက်သည့် ရန်ဒီလာနာ။ (ဓာတ်ပုံ–အင်တာနက်)

ဗီလာအသင်း မန်နေဂျာသစ်ကိုလည်း မာတင်အိုနေးလ်အား မကြာသေးမီက ခန့်ထားပြီဖြစ်သည်။

ယခုနှစ် ပရီမီယာလိဂ်တွင် ဗီလာအသင်းသည် နည်းပြသစ်နှင့် ပိုင်ရှင်အသစ်တို့နှင့်အတူ ငွေကြေးနေအင်အားကို စိုက်ထုတ်လျက် ပရီမီယာလိဂ်တွင် အောင်မြင်မှုရသည်အထိ ကြိုးပမ်းသွားလိမ့်မည်ဟု မျှော်လင့်ရသည်။

ပါဝင်

အက်စ်တွန်ဗီလာအသင်းကို ဝယ်ယူရန် စိတ်ဝင်စားသူများတွင် အင်္ဂလန်နည်းပြဟောင်း ဆဗင်ဂိုရန် အဲရစ်ဆင်လည်း အပါအဝင်ဖြစ်သည်။ လာနာသည်အမေရိကန်ဘောလုံးအသင်း ကလီဗယ်လင်ဘရောင်း အသင်းကိုလည်း ပိုင်ဆိုင်သူဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးကို စိန်ခေါ်ရန်နှင့် အခြားဘောလုံးသတင်းများ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးသတင်းနှင့် အခြားထူးခြား ဘောလုံးသတင်း အဖြစ်အပျက်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

ချယ်လ်ဆီးကို စိန်ခေါ်ရန် လက်တွေ့ပြရမည်ဟု ဖာဂူဆန်အား ဒေးဗစ်ဂီးလ် ပြောကြား

ငွေကြေးအရင်းအနှီး ပုံအောအသုံးပြုထားသည့် ချယ်လ်ဆီးအသင်းကို စိန်ခေါ်ရန် ဖာဂူဆန်အနေဖြင့် လက်တွေ့လုပ်ဆောင်မှုများ ပြရမည်ဟု မန်ယူကလပ်ဘုတ်အဖွဲ့အကြီးအကဲ ဒေးဗစ်ဂီးလ်က ပြောကြားလိုက်သည်။

ချယ်လ်ဆီးတို့ မည်သို့ပြုလုပ်နေသည်၊ ဘယ်လိုစီစဉ်နေသည်များကို မိမိတို့သိရှိရန်လိုကြောင်း၊ မိမိတို့မန်ယူအသင်းအနေဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်သော အနေအထားရှိကြောင်း၊ ချယ်လ်ဆီးတို့အသင်းအောင်မြင်မှုရသလို မိမိတို့ရရှိနိုင်ကြောင်း၊ မည်သို့ပြုလုပ်မည် ဆိုသည်ကိုသာ ဖာဂူဆန်လက်တွေ့လုပ်ဆောင်ပြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မန်ယူကလပ်ဘုတ်အဖွဲ့ အကြီးအကဲ ဒေးဗစ်ဂီးလ်။

မန်ယူအသင်းကို ပြီးပြည့်စုံသော အသင်းဖြစ်ရန်၊ ပရီမီယာလိဂ်ရာသီတစ်လျှောက် အောင်မြင်မှုများရရှိသော အသင်းအဖြစ်ရောက်ရှိရန် မိမိတို့အလိုရှိကြောင်းလည်း ဒေးဗစ်ဂီးလ်ကပြောကြားသည်။ မန်ယူသည် အပြောင်းအရွှေ့ကာလအတွင်း ကွင်းလယ်ကစားသမားကာရစ်အား ပေါင်ငွေ ၁၈ ဒသမ ၆ သန်းဖြင့် ခေါ်ယူခဲ့သော်လည်း ချယ်လ်ဆီးက မိုက်ကယ်ဘောလက်၊ ရှက်ဗ်ချင်ကို၊ ဂျွန်အိုဘီမီခေးလ်နှင့်ကာလူးတို့ကို လက်မနှေးဘဲ ခေါ်ယူဖြည့်တင်းနိုင်ခဲ့သည်။

ဘက်ခမ်းအား ကစားသမားအဖြစ် ထပ်မံမခေါ်ခဲ့သည့်အတွက် ဟားဂရေ့ဗ် အံ့အားသင့်

အင်္ဂလန်နည်းပြ မက်ကလာရင်အနေဖြင့် ဩဂုတ် ၁၆ရက် **(ယနေ့)**တွင် ကစားရမည့် ဂရိနှင့်ပွဲတွင် ဒေးဗစ်ဘက်ခမ်းကို မထည့်သွင်းခြင်းအပေါ် မိမိ အံ့အားသင့်ရကြောင်း အင်္ဂလန်အသင်း ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်က ပြောကြားသည်။



အိုဝင်ဟားဂရေ့ဗ်။

ဒေးဗစ်ဘက်ခမ်းမှာ အင်္ဂလန်အသင်းအတွက် သင်္ကေတတစ်ခုသဖွယ် ဖြစ်ကြောင်း၊ ဒေးဗစ်ဘက်ခမ်း၏ စွမ်းဆောင်မှုမှာ အသင်းအတွက် ကြီးမားသောအထောက်အပံ့ဖြစ်နေဆဲပင် ဖြစ်ကြောင်း၊ ဂရိနှင့် ကစားရမည့်ပွဲ၌ ထည့်မသွင်းခြင်းမှာ အံ့သြမှုဖြစ်စေကြောင်း ၎င်းကပြောကြားသည်။

သို့ရာတွင် အင်္ဂလန်နည်းပြသစ် မက်ကလာရင်သည် လူသစ်များကို ရွေးချယ် အသုံးပြုသွားပြီး အဲရစ်ဆင်လက်ထက်က ဘောလုံးအသင်းနှင့်မတူ ကွဲပြားသောအသင်းဖြစ်လာစေရေး တည်ဆောက်နေချိန်ဖြစ်သည့်အတွက် အင်္ဂလန်အသင်းကို စိတ်ကြိုက် ပြုပြင်လုပ်ဆောင်လျက်ရှိသည်။

အိုင်ယာလန်ဘောလုံးအသင်းနည်းပြ သေနတ်သမားတစ်ဦး ရန်မူခြင်းခံရ

အိုင်ယာလန်ဘောလုံးအသင်း နည်းပြ စတွန်တန်သည် ဒူးဘလင်းဟိုတယ်အနီးတွင် သေနတ်သမားတစ်ဦး၏ ရန်မူခြင်းခံခဲ့ရကြောင်း၊ သို့သော် တစ်စုံတစ်ရာထိခိုက်မှု မရှိကြောင်း သိရသည်။

အသက်(၃၇)နှစ်အရွယ်ရှိအိုင်ယာလန်နည်းပြစတွန်တန်သည် အိုင်ယာလန်ဘောလုံးသမားများထားရှိရာ အဆောက်အအုံမှအထွက် အနီးရှိ ဒူဘလင်းဟိုတယ်အနီးတွင် ၎င်း၏ အနီးသို့ သေနတ်သမားတစ်ဦး ချဉ်းကပ်လာချိန်တွင် ဟိုတယ်ဝန်ထမ်းတစ်ဦးက သတိပေးခဲ့သည်နှင့် တစ်ပြိုင်နက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါသေနတ်သမားကို ဖမ်းဆီးနိုင်ခဲ့သည်။

အိုင်ယာလန်နည်းပြ စတွန်တန်။

အိုင်ယာလန်နည်းပြ စတွန်တန်သည် တစ်စုံတစ်ရာထိခိုက်ခြင်းမရှိကြောင်း၊ ယခုအခါ ပုံမှန်လေ့ကျင့်ကွင်း သွားရောက်ကာ သူ၏တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

သေနတ်သမားကို စုံစမ်းစစ်ဆေးလျက်ရှိသော်လည်း ကနဦးသတင်းများအရ ငွေကြေးကိစ္စဖြစ်နိုင်ကြောင်း မီဒီယာများက မှန်းဆဖော်ပြသည်။

ရော်ဘီကိန်းနှင့် ဒွန်နေတို့ရာသီ အစပွဲများနှင့်လွဲဖွယ်ရှိ

အိုင်ယာလန် ဘောလုံးသမားများဖြစ်သည့် တော့တင်ဟမ် တိုက်စစ်မှူး ရော်ဘီကိန်းနှင့် မန်စီးတီး နောက်ခံလူ ဒွန်နေတို့ နှစ်ဦးစလုံး လေ့ကျင့်ကွင်း၌ ဒဏ်ရာရရှိခဲ့ရာ ပရီမီယာလိဂ်ရာသီ အစပွဲစဉ်များနှင့် လွဲချော်ဖွယ်ရှိမည်ဖြစ်သည်။

ထို့အတူ ဩဂုတ် ၁၆ရက် ချစ်ကြည်ရေးကစားမည့် ဟော်လန်နှင့်ပွဲတွင်လည်း အိုင်ယာလန်အသင်းတွင် ၎င်းတို့နှစ်ဦးမပါနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

တော့တင်ဟမ် တိုက်စစ်မှူး ရော်ဘီကိန်း။

အခွန်ပုံစံ(၁)ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈က/၈၈၄၅ ကရီနာ (ဘင်)၏မော်တော်ကား အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဦးကျော်သောင်း ဖုန်း–၀၉–၅၁၃၆၂၆၄။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ GSM ဆိုနီအယ်ရစ်ဆင် 09-5016065 ဖုန်းသည် ကမာရွတ်မြို့နယ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
09-5143122၊ 09-5101375။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၉၂၄ Toyota Corolla S/L ယာဉ် လက်ဝယ်ရှိသူ အမည် ဦးထွန်းလှိုင် မှတ်ပုံတင်အမှတ် AKB–၂၀၂၁၈၃ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။
ကညန၊အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်မြို့)။

Sheng Da Development Ltd. ၏
၂၀၀၆ မုန့်နည်းပညာသစ် ရှင်းလင်းပြသပွဲနှင့်
El Dorado Bake House ၏
မုန့်အသစ်အဆန်း မိတ်ဆက်ကြေညာ
အမြည်းပေးပွဲနှင့်ထုတ်လုပ်ရောင်းချပွဲ

ကြက်ဥမပါ၊ အသားသက်လွတ်ကိတ်မုန့်၊
ပေါင်မုန့်နှင့် Cookie မျိုးစုံပါဝင်သည်။
နေ့ရက် – **၁၈–၈–၂၀၀၆**
အချိန် – **08;00 AM - 12;00 Noon**
နေရာ – **El Dorado Bake House**
အမှတ် ၄၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊
ဖုန်း–၅၆၁၃၀၈၊ ၅၆၁၀၅၈၊ ၅၆၀၅၈၀
မုန့်နည်းပညာ စိတ်ဝင်စားသူများ
အခမဲ့ လာရောက်လေ့လာနိုင်ပါသည်။





စတုဘုမ္မိက တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း ခရမ်းမြို့ မဟာသတိပဋ္ဌာန် ၄က်တွင်း ကျောင်းတိုက်၌ အရှင်ကုမာရ (သာသနဓဇ ဓမ္မာစရိယ ဝိနယ ဝိဒူ ကမ္မဋ္ဌာနာစရိယ)နှင့် အရှင်စိန္တိတတို့က ရွှေမင်းဝံ ၄က်တွင်း ဆရာတော်၏ ဉပနိဿယ အတိုင်း ခုနစ်ရက်တရားစခန်းကို ဩဂုတ် ၂၂ ရက် ညနေ ၄ နာရီ ခွဲမှစ၍ တရားစခန်းဖွင့်မည် ဖြစ်သည်။ ရန်ကုန်မြို့ ၅၃ လမ်း စတုဘုမ္မိက ဇဟိုဌာနချုပ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒာစာရ (နိုင်ငံတော် ဇဟို သံဃာ့ဝန်ဆောင်မဟာဂန္ထဝါစက ပဏ္ဍိတ)ထံမှ ယောဂီများ ဩဝါဒ ခံယူကြပြီး နေ့စဉ်နေ့တိုင်း ဘဒ္ဒန္တ ပဏ္ဍိတ သုံးခွ ဆရာတော်က လည်းကောင်း၊ ဘဒ္ဒန္တ ပဏ္ဍိတ သာရ ကြီးပွားရေးဆရာတော်က လည်းကောင်း၊ ဘဒ္ဒန္တ စဒြော ဘာသ တာမွေလေး ဆရာတော် ကလည်းကောင်း နိဗ္ဗာန်ရောက် ကြောင်း တရားတော်များ ဟော ကြား ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မလေးရှား မာဒေးကားစစ်တုရင်ပြိုင်ပွဲ မြန်မာအသင်း ပါဝင်ဆင်နွှဲယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၅

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ မာဒေးကား အသင်းလိုက် စစ်တုရင်ပြိုင်ပွဲနှင့် တစ်ဦးချင်း(အိုးပင်း)စစ်တုရင် ပြိုင်ပွဲသို့ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ခေါင်းဆောင် သည့် မြန်မာစစ်တုရင်အဖွဲ့ ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

မြန်မာစစ်တုရင်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် နည်းပြအဖြစ် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အမှုဆောင် ဦးလှထွန်းဦးတို့က ဆောင်ရွက်ပြီး ပါဝင်ယှဉ်ပြိုင်မည့် စစ်တုရင်သမားများမှာ နေဦးကျော်ထွန်း (ပြည်ထဲရေး)၊ ဝင်းဇော်ထွန်း(လယ်/ဆည်)၊ သန်းဝင်း (သစ်တော)နှင့် ပီတာကျော်မိုးတို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

နေဦးကျော်ထွန်း

မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် နေဦးကျော်ထွန်းသည် IM°မာစတာ ရရှိထားသူဖြစ်သည်။ နေဦးကျော်ထွန်း သည် ၁၉၈၀ ပြည့်နှစ်မှ စစ်တုရင် လောကသို့ ဝင်ရောက်လာပြီး ၁၉၉၂ ခုနှစ်တွင် လက်ရွေးစင်ဖြစ်လာခဲ့သည်။

၁၉၉၇ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ တွင်ကျင်းပသည့် ကမ္ဘာ့မြို့တော်များ ဖလား စစ်တုရင်ပြိုင်ပွဲ အသင်းလိုက် ရွှေနှင့် တစ်ဦးချင်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကို လည်းကောင်း၊ ၂၀၀၁ ခုနှစ် ဘရူနိုင်းနိုင်ငံတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံ စစ်တုရင်ပြိုင်ပွဲတွင် တစ်ဦးချင်း ဒုတိယ ဆုကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသည့် မာဒေးကားဖလား စစ်တုရင်အသင်း လိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲတွင် အသင်း လိုက်ပြိုင်ပွဲ တတိယဆုကို ရရှိထားသူ ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံ များပြီး မြန်မာနိုင်ငံအတွက် အားထား ရသည့် စစ်တုရင်သမားတစ်ဦး ဖြစ် သည်။ IM° မာစတာဘွဲ့ရရှိထားပြီး GM°စံနှုန်းတစ်ခုရရှိထားသူဖြစ်သည်။

ဝင်းဇော်ထွန်း

ဝင်းဇော်ထွန်းသည် IM°မာစတာ ဘွဲ့ရရှိသူဖြစ်ပြီး စစ်တုရင်လောကကို ၁၉၉၄ ခုနှစ်မှ စတင်ဝင်ရောက်လာပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ နိုင်ငံလက်ရွေးစင်ဖြစ်လာကာ အမျိုးသား တံခွန်စိုက်ချန်ပီယံဆု သုံးကြိမ်၊ ဒုတိယဆု နှစ်ကြိမ်နှင့် တတိယဆု တစ်ကြိမ်ရရှိထားသူဖြစ်သည်။ နိုင်ငံတကာပြိုင်ပွဲများအနေဖြင့် ၁၉၉၉ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်စစ်တုရင် ပြိုင်ပွဲ စတင်ယှဉ်ပြိုင်ခဲ့ရာ တစ်ဦးချင်း ပြိုင်ပွဲတွင် ဒုတိယဆုနှင့် IM စံနှုန်း တစ်ခု စတင်ရရှိခဲ့သည်။ ၂၀၀၀ ပြည့် နှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အာဆီယံအသက်(၂၀)အောက် လူငယ် စစ်တုရင်ပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲ ဒုတိယဆုကို လည်းကောင်း၊ ၂၀၀၃ ခု နှစ် ထိုင်းနိုင်ငံတွင် ကျင်းပသည့် တတိယအကြိမ် အပြည်ပြည်ဆိုင်ရာ (အိုးပင်း)စစ်တုရင်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ခဲ့ရာ ပဋ္ဌမရရှိပြီး IM စံနှုန်း တစ်ခု ထပ်မံရရှိခဲ့သည်။ ၂၀၀၄ ခုနှစ် ထိုင်းနိုင်ငံတွင်ကျင်းပသည့် စတုတ္ထ အကြိမ် အပြည်ပြည်ဆိုင်ရာ (အိုးပင်း) စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပဋ္ဌမရရှိသော်လည်း IM စံနှုန်းတစ်ခု ထပ်မံရရှိ၍ IM စစ်တုရင်မာစတာ ဘွဲ့ကို ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ် ဖိလစ် ပိုင်နိုင်ငံတွင်ကျင်းပသည့် (၂၃)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တစ်ဦးချင်း အမြန်ရွှေ့ ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကို နိုင်ငံ အတွက် ရယူပေးနိုင်ခဲ့သည်။ အသက် (၂၃)နှစ်ရှိ လူငယ်အားကစားသမား ဝင်းဇော်ထွန်းသည် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရှိပြီး ဝါရင့်စစ်တုရင် အားကစားသမားတစ်ဦး ဖြစ်သည်။

သစ်တောမှ သန်းဝင်းသည် သူ၏ နိုင်ငံတကာပြိုင်ပွဲ ပထမဆုံးပွဲဦးထွက် ပွဲဖြစ်သော်လည်း အားထားရသည့် လူငယ် စစ်တုရင်ပြိုင်ပွဲတွင် လက်စွမ်း ပြပြီး ဒုတိယရရှိထားသူဖြစ်သည်။

ပီတာကျော်မိုး

ပီတာကျော်မိုးသည် သူ၏ ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲဖြစ်ပြီး ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် အိုးပင်း စစ်တုရင်ပြိုင်ပွဲတွင် တတိယရရှိထား သည့် လူငယ်အားကစားသမားတစ်ဦး ဖြစ်သည်။

အဆိုပါ မာဒေးကားဖလား စစ်တု ရင်ပြိုင်ပွဲတွင် အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများအပြင် နယူးဇီလန်၊ ဩစတြေးလျ စသည့် ဉရောပနိုင်ငံများ မှ အသင်းပေါင်း ၇၀ ကျော် ပါဝင် ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားပြီး အိမ်ရှင် မလေးရှားနိုင်ငံမှ အသင်း အများဆုံး ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

သတင်းမှတ်စု
သိန်းဝင်းလေး
(မြန်မာ့အလင်း)

(၁၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အလေးမပြိုင်ပွဲနှင့် (၁၀)ကြိမ်မြောက် အမျိုးသမီး အလေးမပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် (၁၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းအလေးမပြိုင်ပွဲ၊ (၁၀)ကြိမ်မြောက် အမျိုးသမီး အလေးမပြိုင်ပွဲနှင့် ၂၀၀၆ ခုနှစ် အမျိုးသား တံခွန်စိုက် အလေးမပြိုင်ပွဲများကို လာမည့်စက်တင်ဘာ ၈ရက်မှ ၁၀ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံ လေလုံ အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပါဝင်ယှဉ်ပြိုင်ကြမည့် အလေးမ အားကစားသမားများသည် ဩဂုတ် ၃၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်(အောင်ဆန်းအားကစားပြိုင်ဝင်း)ထံ စာရင်းပေးသွင်း ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။
(မြန်မာ့အလင်း)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အပြည်ပြည်ဆိုင်ရာ စစ်တုရင်နှင့် မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက်က စစ်ကိုင်းတိုင်း အားကစားခန်းမ၌ ကျင်းပ ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း တက်ရောက်အမှာစကားပြောကြားပြီး စစ်တုရင်ပထမရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

တက်ရောက်

အခမ်းအနားကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ တာဝန်ရှိသူများ၊ တိုင်းအားကစားနှင့် ကာယပညာကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် မြို့နယ်ပေါင်းစုံမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ စစ်တုရင်ဝါသနာရှင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲများကို ဩဂုတ် ၁၇ ရက်အထိ ကျင်းပလျက်ရှိပြီး စစ်ကိုင်းတိုင်း အတွင်းရှိ မြို့နယ်ပေါင်းစုံမှ စစ်တုရင်ကစားသမား ၇၀ ကျော် ပါဝင်ယှဉ်ပြိုင် လျက်ရှိသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့က ကြီးမှူး၍ Refresher Course 2006 သင်တန်းကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင် (အေ)၌ သင်ကြားပို့ချမည် ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ဆရာဝန်များနှင့် ဆေးကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်ရှင်းလင်း

မန္တလေး ဩဂုတ် ၇

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၀၆)ကို ဩဂုတ်၄ရက် မွန်းလွဲ ၁နာရီက တိုင်းကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်သိန်း၊ တိုင်း အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ ခေတ္တတိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရဲသီဟနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် လူမှုရေး အဖွဲ့အစည်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာ စကားပြောကြားပြီး **(အပေါ်ယာပုံ)** ခေတ္တတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲသီဟက (၆/၂၀၀၆) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ဆက်လက်၍ တိုင်းငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန ဆရာဝန်ကြီး ဒေါက်တာသာထွန်းကျော်၊ အထက်မြန်မာပြည် တီဘီရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာဘိုမြင့်၊ အထက်မြန်မာပြည် ခုခံကျ/ကာလသားရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာထွန်းမြင့်နှင့် ကလေးဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်သိန်းတို့က မိမိတို့ဌာနအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့်ရှေ့လုပ်ငန်းများကို ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးစပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲ မိုးနဲမြို့၌ကျင်းပ ခြံစည်းရိုးကြက်ဆူပင်တိုးချဲ့စိုက်ပျိုး၊ ပေါင်းမြက်ရှင်းလင်း

လင်းခေး ဩဂုတ် ၃

လင်းခေးခရိုင် မိုးနဲမြို့နယ်၏ ၂၀၀၆ခုနှစ် မိုးစပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင်၂၈ရက်နံနက်၉နာရီက မိုးနဲမြို့နယ် နားခံကျေးရွာ ကွင်းအမှတ်(၁၄) ဦးပိုင်အမှတ်(၁၈) တောင်သူဦးယာထွန်း၏လယ်ကွက်၌ကျင်းပသည်။

ရှေးဦးစွာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်မောင်းက အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးဌေးညွှန့်က ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြိုင်ပွဲဝင်အသင်းများအား ကောက်စိုက်တန်းကြိုး ပေးအပ်သည်။

ထို့နောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို စတင်ကျင်းပရာ ပြိုင်ပွဲဝင် ကောက်စိုက်အသင်း ခြောက်သင်းပါဝင် ယှဉ်ပြိုင်ပြီး တစ်သင်းလျှင် ကောက်စိုက်လုံမ ၁၂ဦး ပါဝင်ကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်မောင်းက ပထမဆုရ နောင်မြိုင်းကျေးရွာအသင်းကို ဆုပေးအပ်ချီးမြှင့်သည်။

အားပေး

ဆက်လက်၍ ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့် အဖွဲ့သည် နံနက်၁၁နာရီက မိုးနဲမြို့နယ် နားခံစံပြကျေးရွာအုပ်စုရှိ ဧက ၂၀၀ စံပြကြက်ဆူစိုက်ခင်းတွင် ကြက်ဆူပင်များကို နွားချေးမြေဩဇာ အာဟာရ ဖျော်ရည်လောင်းပွဲကိုကြည့်ရှု အားပေးပြီး မြန်မာ့စိုက်ပျိုးရေး၊ ခရိုင်ရဲတပ်ဖွဲ့စိုက်ခင်း၊ နားခံအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစိုက်ခင်း၊ နားခံကျန်းမာရေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ စံပြကြက်ဆူစိုက်ခင်းများတွင် မြက်ရိတ်ပေါင်းရှင်းနေမှုနှင့် နွားချေးမြေဩဇာ အာဟာရ ဖျော်ရည်လောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှု

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းတည့်၁၂နာရီတွင် မောက်မယ်မြို့သို့ ဆက်လက်ထွက်ခွာကြပြီး မိုးနဲမောက်မယ်သွားလမ်းမ မိုင်တိုင် ၆/၀၊၈/၀၊၁၀/၀နေရာများ၌ မောက်မယ်မြို့နယ် ရပ်ကွက်ကျေးရွာများမှ လမ်းဘေးဝဲယာခြံစည်းရိုးကြက်ဆူအပင်ကြီးများ စိုက်ပျိုးပြီးစီးမှုနှင့် မောက်မယ်မြို့နယ်မိုးညုစံကျေးရွာ ကြက်ဆူပင် အပင်ကြီးဧက ၂၀စိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် မောက်မယ်မြို့နယ် အဝင် လမ်းဘေးဝဲယာများတွင် ဌာနဆိုင်ရာများနှင့်ရပ်ကွက်များ၏ ခြံစည်းရိုးကြက်ဆူပင်တိုးချဲ့စိုက်ပျိုးခြင်း၊ပေါင်းမြက်ရှင်းခြင်းနှင့် ပြုစုပျိုးထောင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ကွင်းဆင်းကြည့်ရှု

ကျိုက်ထိုမြို့ ဘုတာလမ်းအဝင် တံတားဆောက်လုပ်မည့် မြေနေရာကို ဩဂုတ် ၃ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မော်ဘီ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ကွန်ပျူတာ အခြေခံ အဆင့် သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပရာ သင်တန်းသား သင်တန်းသူများ သင်ယူကြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရန် ရေမြောင်းတူးဖော်

တိုက်ကြီး ဩဂုတ် ၂

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တိုက်ကြီး၊ ဥက္ကံနှင့် အဖျောက်မြို့များတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ရက်က အဖျောက်မြို့ ဆေးရုံလမ်းဘေးဝဲယာတစ်လျှောက် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးဝင်းမင်းနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရွှေတောင်မြို့နယ် ကျွန်းတန်းရိုးကျေးရွာတွင် နှစ်လက်မစက်ရေတွင်းတူးဖော်လျက်ရှိရာ ဇူလိုင် ၁၅ရက်က အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သာစည်ကျေးရွာနှင့် ဖူလုံကျေးရွာချင်းဆက် လမ်းဘေးဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင် ၅၀၀ မြေချစိုက်ပျိုးမှုကို ဇူလိုင် ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မျိုးတို့ ကြီးကြပ်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
ဝါခေါင်လပြည့်ကျော် ၉ ရက်
၁၇–၈–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (သွေးတိုးထိန်းဆေးထုတ်လုပ်မှုအကြောင်း) (အပိုင်း–၂)
၁၁း၃၅ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) စိတ်အားဖြည့် ဓမ္မနှင်းပွင့် (အရှင်ဆန္ဒာဓိက–ရွှေပါရမီတောရ)
(၂) ပညာကြယ်ပွင့်စာစီစာကုံးများ ဦးရဲဝေ (မြန်မာစာ)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (စိတ်ချမ်းသာဖို့ လေ့ကျင့်ရန်အကြောင်း–မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (သခွားသီးသုပ်နှင့် ကြောင်လျှာသီးသုပ်)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၇း၄၀ ကိုယ့်စိတ်ကြိုက်ရွေး နှစ်သက်တေး
(၁) ထားမေတို့ရွာ
(၂) အမေတို့ဆိုသော တေးများ
(၃) မငိုပါနဲ့ လုပါတယ်
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) မောင်မုန်းရက်ရင် မုန်းလိုက်ပါ
(၂) မောင်ဘယ်တော့မှ မမုန်း
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (တိမ်စင်သည့်လ ရွှန်းပြသောအခါ)
၁၉း၄၀ ခေတ်မရွေးသော တေးများ
(၁) အုံ့ပုန်းချစ်
(၂) မင်္ဂလာသတင်း
(၃) သစ္စာ
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်ရက်ဆုံနိုး မကြုံနိုးနှင့်
(၂) နှစ်ယောက်ထဲကျမှ ပြောပြမယ်
(၃) ပြန်လည်ဆုံဆည်းကြမယ် အချစ်ရယ်

ပင်လုံမြို့ အောင်ဇေယျလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇူလိုင်၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးသစ်ထူးမြင့်နှင့် ဒုတိယဦးစီးမှူး ဦးသိန်းစိုးဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (နယ်စပ်/စည်ပင်)

ကွန်ကရစ်တံတားပြုပြင်

ဖားကန့် ဇူလိုင် ၃၁

ဖားကန့်မြို့အတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ဖားကန့်မြို့ မရှီကထောင်ရပ်ကွက် အမှတ်(၂)လမ်းမကြီးပေါ်ရှိ လမ်းဖြတ်ကွန်ကရစ်တံတား ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင် ကြီးကြပ်မှုဖြင့် အင်ဂျင်နီယာမှူး ဦးအောင်သိန်းဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဘုန်းလင်းတို့ ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

သဒ္ဓမ္မပါလကျောင်းဆောင်အတွက် အလှူငွေများပေးအပ်

မော်လမြိုင်ကျွန်း ဩဂုတ် ၁၂

မော်လမြိုင်ကျွန်းမြို့ ဘုရားကြီးတိုက် မဟာစည်သာသနာ့ရိပ်သာ ဘဒ္ဒန္တပရမ၏ ငါးနှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ၊ သီရိသုဓမ္မမဏိဇောတရေ ဦးမောင်လှအား ဂုဏ်ပြုပွဲနှင့် သဒ္ဓမ္မပါလနှစ်ထပ်ကျောင်းဆောင်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၈ရက် နံနက် ၉နာရီက မော်လမြိုင်ကျွန်းမြို့ ဝေဇယန္တာသာသနာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေါ်မြလွင်အား ရည်စူး၍ အလှူရှင် သီရိသုဓမ္မ မဏိဇောတရေ ဦးမောင်လှ-ဒေါ်ရွှေစိန် မိသားစုက အလှူငွေကျပ် ၈သိန်းနှင့် မြို့နယ်အတွင်းရှိ အလှူရှင်များက စုပေါင်းအလှူငွေကျပ် ကိုးသိန်းကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကိုကိုအောင်နှင့်အဖွဲ့ဝင်များက လက်ခံယူကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် သီရိသုဓမ္မမဏိဇောတရေ ဦးမောင်လှအား ထပ်ဆင့်ဂုဏ်ပြုလွှာ ပေးအပ်ဂုဏ်ပြုပွဲတွင် သဒ္ဓမ္မပါလ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်အေးကိုနှင့် ဟိတကာရီယောဂီအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်လှမြင့်တို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။ **(၀၉၇)**

ကြေးပိဋကတ်တော်ပြုလုပ်ရန်အတွက် ငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၅

မြတ်ဗုဒ္ဓ၏ ပိဋကတ် ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်၍ ဝိနည်းပိဋကတ်ဝင်စူဠဝါ ပါဠိတော်စာအုပ်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ထံသို့ ချောက်မြို့နယ် မြေနီကုန်းရပ်ကွက် အမှတ် ၈၇ နေ ကိုကျော်မိုး-မမေသက်ထား၊ သား မောင်ကျော်သူရ၊ သမီး မသက်ထားကျော်မိသားစု၊ ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်-ဒေါ်ခင်မြင့်ဝေ၊ သား မောင်ကြည်သာထက် (ခ) မောင်ချစ်ဦး၊ မောင်သော်တာထက် (ခ) မောင်ချစ်ဖူး၊ နှစ်ဖက်သော မိဘများနှင့် ကပ္ပတိန် ဦးညွန့်ဖေတို့အား ရည်စူး၍ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့သစ် မီးဒုံးလမ်း အမှတ် ၁၁၄/ခနေ ဒေါ်ဝင်းမေ၊ သား မောင်သိန်းစံ၊ မောင်ကျော်စိုးလင်း၊ သမီး မစင်သီယာညွန့်၊ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့သစ် တန်ဖိုးနည်းလုံးချင်းအိမ်ရာ ကမာကြည်လမ်း အမှတ် ၈၇နေ ဦးကျော်တင်-ဒေါ်မြင့်မြင့်သိန်း၊ သမီး မမိုးပွင့်ဖြူ၊ သား မောင်လှမြတ်ကျော်၊ မောင်ဇော်ဝင်း မိသားစု၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) (၃၃) ရပ်ကွက် ရွှေဝါထွန်းလမ်း အမှတ် ၁၇၅ နေ ဦးမျိုးသန့်မိသားစုတို့က ကြေးပြား တစ်ချပ်စီနှင့် ကမာရွတ်မြို့နယ် (၁၀) ရပ်ကွက် ဦးဝိစာရလမ်း အမှတ် ၃၁၈နေ ဒေါ်စိန်စိန်၊ ဒေါ်ခင်သန်းအား ရည်စူး၍ မရမ်းကုန်းမြို့နယ် (၉) ရပ်ကွက် ရေကူးရွာမလမ်း အမှတ် ၁၁၅ နေ ဦးအောင်ဆန်း မိသားစု၊ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၃) ရပ်ကွက် ကမ္ဘောဇလမ်း အမှတ် ၁၂/က နေ ဦးကျော်ဝင်း-ဒေါ်နုနုခင်မိသားစု၊ ကြည့်မြင်တိုင်မြို့နယ် ဆေး/ငြိမ်း ရပ်ကွက် အင်လမ်း အမှတ် ၁၂ (ပထမထပ်)နေ ဦးအောင်ရွှေ-ဒေါ်မေဝေသိန်းတို့က ကြေးပြား နှစ်ချပ်စီ လာရောက်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ ဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏနှင့် ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေးအဖွဲ့ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ မောင်တော၌ ကျင်းပ

မောင်တော ဇူလိုင် ၁၅

၂၀၀၆-၂၀၀၇ခုနှစ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁ရက်က မောင်တောခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင် တက်ရောက်ပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ပေးအပ်

ထို့နောက် ထောက်ပံ့ငွေပေးအပ်ရာ ခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၂၄၂၀၀၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၂၈၅၀၀၀ စုစုပေါင်း ငွေကျပ် ၅၂၇၀၀၀ ကို ကျောင်းသားကျောင်းသူ ၇၆ဦးအတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင်က ပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး ကျော်ဆန်း(ငြိမ်း)က လက်ခံယူသည်။ **(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)**

လုပ်ငန်းခွင်အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းဖွင့်ပွဲ ပြည်မြို့၌ကျင်းပ

ပြည် ဩဂုတ် ၁၀

ပြည်ခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများလုပ်ငန်းခွင်အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၀၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၇ရက်နံနက် ၉နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း (အနောက်ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုး၊ ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်၊ သာယာဝတီခရိုင် ဦးစီးအရာရှိဒေါ်တင်တင်ဝင်း၊ ပန်းတောင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ ရွှေတောင်မြို့နယ်၊ သဲကုန်းမြို့နယ်နှင့် နတ်တလင်းမြို့နယ်များမှ ဒုတိယဦးစီးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၉ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစိန်တိုးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

အဆိုပါ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**

ပန်းပင်စိုက်ပျိုး

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးလျက်ရှိရာ ဇူလိုင် ၂၉ရက်က နတ်စင်လမ်းဘေးတွင် ဝန်ထမ်းများ စုပေါင်း၍ ပန်းအလှပင်များ စိုက်ပျိုးမှုကို အမှုဆောင်အရာရှိဦးစိုးဝင်း ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ငါးမျိုးပြန့်ပွားရန် စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

သံဖြူဇရပ် ဩဂုတ် ၁၀

ငါးမျိုးပြန့်ပွားရန်နှင့် ငါးထုတ်လုပ်မှုပိုမိုလာစေရေးအတွက် ရည်ရွယ်၍ သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာရှိ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီခွဲက တောင်သူဦးချန်တင်၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးညိုလှ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးလှမင်းဇော်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်လှမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းနှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြပြီး စပါးခင်း ဧက ၇၀ အတွင်းသို့ ငါးခုံးမကြီး ၂၀၀၀၀၊ ငါးမြစ်ချင်း ၁၀၀၀၀၊ တီလားပီးယား၅၀၀၀ စုစုပေါင်းကောင်ရေ ၃၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။**(အောက်ပုံ) (မြို့နယ် ငါးဦးစီး)**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်း တွံ့တေးမြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ၏ ၂၀၀၅-၂၀၀၆ ခုနှစ်ပတ်လည်အခမ်းအနားကို ဇူလိုင် ၃၀ ရက်က မြို့နယ် စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး မြသိမ်း(ငြိမ်း)က အသက် ၇၀နှင့်အထက် သက်ကြီးအဖွဲ့ဝင် ၄၂ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်၃၀၀၀စီ ပေးအပ်ကန်တော့စဉ်။ (၃၈၀)

ချိပ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ခေါ်ယူသည့်တင်ဒါ – ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်း (ဘွဲ့နှင်းသဘင်အခမ်းအနားများတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်းမပါ)ဓာတ်ပုံရိုက်ကူးရေး လုပ်ငန်း

၂။ တင်ဒါသက်တမ်း – ၁-၁၀-၂၀၀၆ ရက်နေ့မှ ၃၀-၉-၂၀၀၇ ရက်နေ့အထိ

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ – ရန်ကုန်တက္ကသိုလ်၊ စီမံရေးရာဌာနခွဲ သိပ္ပံဆောင်အပေါ်ထပ်

၄။ စတင်ရောင်းချမည့်နေ့ရက် – ၁၈-၈-၂၀၀၆ (သောကြာနေ့)

၅။ တင်ဒါတင်သွင်းရမည့်နေ့ရက်၊ အချိန်၊ နေရာ – ၇-၉-၂၀၀၆(ကြာသပတေးနေ့)၊ (၁၂:၀၀)နာရီ သမိုင်းဌာန၊ ပါမောက္ခ(ဌာနမှူး)ရုံးခန်း (ဝေသာလီဆောင်)၊ ရန်ကုန်တက္ကသိုလ်

၆။ အသေးစိတ်အချက်အလက်များကို အထက်ပါ တင်ဒါပုံစံရောင်းချမည့်နေရာသို့လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၅၃၆၀၀၁ နှင့် ၅၃၇၄၉၂) သို့ ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ချိပ်ပိတ်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်တက္ကသိုလ်။

အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန် တောင်ဥက္ကလာပမြို့၊ ၁၂ရပ်ကွက်၊ ဇလမ်း အမှတ် ၇၈၁နေ၊ ဦးအောင်တင်-ဒေါ်စိန်လှိုင်တို့၏ သား ကိုလှကြိုင်သည် မိဘစကားနားမထောင်ဘဲအကြိမ်ကြိမ် ခွင့်မလွှတ်နိုင်သောကိစ္စရပ်များ ပြုမူပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို(လုံးဝ) တာဝန်မယူပါကြောင်း။

မိဘ-ဦးအောင်တင်-ဒေါ်စိန်လှိုင်။

သမဝါယမဝန်ကြီးဌာန
သမဝါယမဦးစီးဌာန
ရန်ကုန်သမဝါယမဒီဂရီကောလိပ်
သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်သမဝါယမဒီဂရီကောလိပ်)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **ဖွင့်လှစ်မည့်သင်တန်းများ** – (၁) ဒီပလိုမာသင်တန်းများ
(I) Diploma in Computer Studies
(II) Diploma in English
(၂) လက်မှတ်ရသင်တန်းများ
(I) Certificate in Computer Basic Course
(II) Certificate in Computerized Accounting Course (MYOB)
(III) Certificate in English Proficiency Course
(ပြင်ပကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းပို့ချမည်)

၂။ **သင်တန်းအောင်လက်မှတ်** – ဒီပလိုမာသင်တန်း(Diploma)
– လက်မှတ်ရသင်တန်း(Certificate)

၃။ **သင်တန်းကာလ** – ဒီပလိုမာသင်တန်း (၁)နှစ်
– လက်မှတ်ရသင်တန်း (၄)လ

၄။ **သင်တန်းဝင်ခွင့်အရည်အချင်း** – ဒီပလိုမာသင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ
– လက်မှတ်ရသင်တန်းအတွက် အနိမ့်ဆုံး အခြေခံပညာအထက်တန်းအဆင့်ရှိသူများ

၅။ **လျှောက်လွှာပုံစံယူရန်နှင့် သင်တန်းတည်နေရာ** – ရန်ကုန်သမဝါယမဒီဂရီကောလိပ် (ဒီပလိုမာသင်တန်းခွဲ) သမဝါယမကုန်သည်ရောင်းဝယ်ရေးဗဟိုဌာန (တတိယထပ်)၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ ဗဟန်းမြို့နယ်။

၆။ **သင်တန်းဖွင့်မည့်ရက်** – ဒီပလိုမာသင်တန်း (၂၈-၉-၂၀၀၆)ရက်
– လက်မှတ်ရသင်တန်း (၃၀-၉-၂၀၀၆)ရက်

၇။ **အသေးစိတ်အချက်အလက် စုံစမ်းရန်** – အထက်ပါသင်တန်းခွဲရုံး
– **ဖုန်း-၅၄၂၈၁၅၊ ၅၅၉၁၇၃။**

မင်္ဂလာလာဓမ္မဗိမာန်တည်ဆောက်ရေးအလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ စာတိုက်ကုန်းမင်္ဂလာရာမကျောင်းတိုက်အတွင်း တည်ဆောက်မည့် မင်္ဂလာလာဓမ္မဗိမာန်တည်ဆောက်ရေး တတိယအကြိမ်အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၈ရက်က ကျောင်းတိုက်ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒခံယူကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဒေါ်မေခမိသားစု **(အပေါ်ပုံ)** က ငွေကျပ် ငါးသိန်း၊ ကိုကျော်မင်းဦးက ငွေကျပ်နှစ်သိန်း၊ ဒေါ်တင်ငွေမိသားစုက ငွေကျပ် တစ်သိန်း၊ ဦးသိန်းလှိုင်-မသန်းဌေးမိသားစုက ငွေကျပ် တစ်သိန်း၊ ဦးချစ်ဆွေ-ဒေါ်ကျင်လှိုင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးနေထွန်း-ဒေါ်ဇင်မြတ်မိုးရွှေမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအောင်ဝင်း-ဒေါ်သန်းသန်းကြူ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအေးသိန်း-ဒေါ်ဝင်းကြည် မိသားစုက ငွေကျပ် ခုနစ်သောင်း၊ ဦးစန်းသွင်-ဒေါ်လေးလေးနွယ် မိသားစုက ငွေကျပ် ငါးသောင်း၊ ဦးခင်မောင်ဦး-ဒေါ်ခင်မြတ်မိုးရွှေမိသားစုက ငွေကျပ် ငါးသောင်း၊ ဆေးမှူး ဗိုလ်အောင်ဖြိုးဝေက ငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းတိုက်သာသနာနုဂ္ဂဟအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့်သန်းနှင့် တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။ **(က-ပ)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာဆောက်လုပ်ထားရှိမှု အခြေအနေကို ဇူလိုင် ၂၂ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့်ဒုတိယအင်ဂျင်နီယာမှူးကြီးဦးအေးချိုတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်နှင့် အင်ဂျင်နီယာမှူးဦးဌေးညွန့်တို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဗုဒ္ဓအေးရိပ်သာ ဘုန်းကြီးကျောင်းဆောင်သစ် ဆောက်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနား မုဒုံ၌ကျင်းပ

မုဒုံ ဇူလိုင် ၃၀

မုဒုံမြို့ ဘိုးဘွားရိပ်သာတွင် ငွေကျပ် ၆၂သိန်းကို မြို့နယ်ရှိအဖွဲ့ ငါးဖွဲ့သို့ ခွဲဝေလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်က ဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာ ဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးပိုးရီက အဖွင့်အမှာ စကားပြောကြားပြီး အလှူရှင်(ဦးစံမွေး)-ဒေါ်ခင်ကြည် မိသားစုက မုဒုံကန်ကြီး စေတီတော်တွင် ခြံသွေ့ရပ်တုနှစ်ခုပြုလုပ်ရန် ငွေကျပ်ငါးသိန်း၊ ဗုဒ္ဓအေးရိပ်သာ ဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၅၀၊ မုဒုံပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်း ငါးသောင်း၊ ဘိုးဘွားရိပ်သာအတွက် ငွေကျပ်နှစ်သိန်း ငါးသောင်း၊ မုဒုံမြို့ရှိ မေတ္တာကာရီ နာရေးကူညီမှုအသင်းအတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ် ၆၂သိန်းပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဌာနမှူး မြို့နယ် ဆရာဝန်ကြီး ဒေါက်တာတင်ဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပေးအပ်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏ မဟာရုံတံတိုင်း မတည်အလှူရှင် ဦးကိုကိုကြီး-ဒေါ်ခင်မိုမို၊ သား အောင်မိုမောင် မိသားစု အနော်ရထာအိမ်ရာ ကမာရွတ်က စုစုပေါင်းအလှူငွေကျပ် ၁၅သိန်းကို နာယကအဖွဲ့ဝင်ဆရာတော် မိုးညှင်းအရှင်ဉာဏ်ကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဆယ်အိမ်စုမှူးဆရာဖြစ် ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ဌေးဌေးရှိန်က အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကျင်းပ ဆုတံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်

တောင်ကြီး ဩဂုတ် ၅

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်း ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ကချင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)စသည့် ပြည်နယ်နှင့်တိုင်း ခြောက်ခုမှ ဉာဏ်ရည်မမီသူ အားကစားမောင်မယ် ၄၆ ဦးတို့က အပြေး၊ အလျားခုန်၊ ဘောလုံးပစ်နှင့် ဘောလုံးလိမ့်စသည့်အားကစားနည်းများကို ပါဝင်ယှဉ်ပြိုင်ကြပြီး အနိုင်ရသူများကို အဖွဲ့ချုပ်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပစ္စည်းအလှူရှင် ရှိုင်းဟုတ်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူများက ဆုတံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ပြည်နယ် အား/ကာ)**

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရတနာပုံမြို့သစ် တည်ဆောက်ရေးဆောင်ရွက်နေမှုများကြည့်ရှု လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဩဂုတ် ၁၅

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် မြေနေရာသို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရတနာပုံမြို့သစ် တည်ဆောက်ရေး ရှင်းလင်းဆောင်၌ တိုင်းမှူးနှင့် ဝန်ကြီးတို့အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မြေသိမ်းဆည်းရေးနှင့် အဆောက်အအုံပုံစံဆိုင်ရာများကိုလည်းကောင်း၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ❐



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မအီ ချောင်းတံတား

၂၀၀၁ ခုနှစ် အောက်တိုဘာ ၂၈ ရက်က ဖွင့်လှစ်ခဲ့ပြီး တောင်ကုတ်မှ အမ်းမြို့၊ တောင်ကုတ်မှ ကျောက်ဖြူမြို့သို့ သွားနိုင်သည့် မအီချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် အရှည်ပေ ၉၄၀၊ ကြိုတင်အားဖြည့်ကွန်ကရစ် ကိုးခန်းနှင့် ချဉ်းကပ်လမ်း ပေ ၆၀ x ၂ ခန်း စီပါ မအီချောင်းတံတားကို ဤသို့ခံ့ညားစွာတွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-
သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြည်ထောင်စုကြီး၏နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး လမ်းတံတားစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိ ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ရာသီမရွေး သွားလာနိုင်ရန် အမာခံလမ်းကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းနိုင်ရန် ဆောင်ရွက်နေ

ကွင်းဆင်းလေ့လာရေးသားသူ
ကျော်စိန်

ဓာတ်ပုံမှတ်တမ်း
သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီမံကိန်းကြီးများဖြစ်သော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်စီမံကိန်းတို့ကို စနစ်တကျဖော်ဆောင်လျက်ရှိသည်။

နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးသည် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်မှု၌ အဓိကကျသည့်အတွက် စီမံကိန်းများ အကောင်အထည်ဖော် ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

မဒေါက်မြို့ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁၅

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၇၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီ အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပါတီသည် တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် လုပ်ရပ်များကိုသာ တစိုက်မတ်မတ်လုပ်ဆောင် ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ အရာတော်မြို့နယ် NLD ပါတီဝင် ကိုးဦး နုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၅

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သလဲပါကျေးရွာမှ ရပ်/ကျေးအဖွဲ့ဝင် ဦးတင်မောင်၊ ဦးရွှေဌေး၊ ဦးကံထွန်း၊ ဦးခင်မောင်၊ ဦးဝင်း၊ ဒေါ်ဥက္ကာထော်နှင့် ဒေါ်စန်းဝင်းတို့သည် ဇူလိုင် ၂၄ ရက်တွင်လည်းကောင်း၊ ဇရစ်ကျေးရွာမှ ရပ်/ကျေး အဖွဲ့ဝင် ဦးသိန်းအေးနှင့် ဦးမျိုးဝင်းတို့သည် ဇူလိုင် ၂၅ ရက်တွင် လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက်နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အရာတော်မြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် နိုင်ငံနှင့်ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ခြင်းမရှိဘဲ တိုင်းပြည်နှင့် လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များကိုသာ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)